# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၇၀)၊ ၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်၊ ၇-၂-၂၀၂၅၊ သောကြာနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ဘုရား အစရှိသော ပညာရှိတို့သည် ဈာန်တရားကို လေ့လာပွားများကြ၍ ကိလေသာငြိမ်းရာ နိဗ္ဗာန်အာရုံ၌ မွေ့လျော်ကုန်၏။ သတိရှိတော်မူကြ၍ သစ္စာလေးပါး တရားကို ကောင်းစွာ သိတော်မူကုန်သော ထိုဘုရား အစရှိသည့် သူတော်ကောင်းတို့ကို နတ်တို့သည်လည်း ချစ်မြတ်နိုးကုန်၏။ (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် နိုင်ငံတစ်နိုင်ငံ အေးချမ်းတည်ငြိမ်မှုနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲနေစေရေးအတွက် အသက်တမျှအရေးကြီး

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်)

ချစ်ခင်လေးစားအပ်ပါသော ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများအားလုံး မင်္ဂလာပါခင်ဗျား-

ယနေ့ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ကျရောက်သည့် (၇၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့ နေ့ထူးနေ့မြတ်အခါသမယ၌ ရှမ်းပြည်နယ်နှင့် နိုင်ငံတစ်ဝန်းရှိ ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ရှမ်းပြည်နယ်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးအနက် ဧရိယာအကျယ်ပြန့်ဆုံးဖြစ်ပြီး တိုင်းရင်းသားမျိုးနွယ်စုအများဆုံး မှီတင်းနေထိုင်လျက်ရှိသည့် ပြည်နယ်ကြီးလည်းဖြစ်ပါသည်။ ရှမ်းပြည်နယ်အတွင်း ရှမ်း၊ ပအိုဝ်း၊ ပလောင်၊ ဓနု၊ အင်းသား၊ တောင်ရိုး၊ ဝ၊ ထနော့၊ ကိုးကန့်၊ လားဟူ၊ ယင်းနက်၊ ယင်းကြား၊ မြောင်ဇီး၊ အာခါ စသည့် ရှမ်းမျိုးနွယ်စုများနှင့်အတူ ကချင်၊ ကယား၊ လီဆူး စသည့် တိုင်းရင်းသားများသည် ကာလရှည်ကြာ အတူယှဉ်တွဲ စုပေါင်းနေထိုင် ခဲ့ကြခြင်းသည် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်မှုကို ဖော်ပြခဲ့သည့် အစဉ်အလာကောင်း ပင်ဖြစ်ပါသည်။

စာမျက်နှာ ၃ သို့ ☆

## စက်မှုဖွံ့ဖြိုးရေးကော်မရှင်၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

## နိုင်ငံတော်၏ စက်မှုကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ ထားရှိဆောင်ရွက်ရမည်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

စက်မှုဖွံ့ဖြိုးရေးကော်မရှင်၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀)အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ စက်မှုဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် စက်မှုဖွံ့ဖြိုးရေးကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။





အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ထုတ်ပြန်ပေးခဲ့သည့် စက်မှုဖွံ့ဖြိုးရေးကော်မရှင်၏ လုပ်ငန်းတာဝန် ၁၆ ချက်အပေါ် ကော်မရှင်အဖွဲ့ဝင်များအနေဖြင့် အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်သွားရမည့် ကိစ္စရပ်များ၊ ကော်မရှင်၏ လုပ်ငန်းတာဝန်များ ပြီးမြောက်အောင်မြင်စေရေးအတွက် လုပ်ငန်းစဉ်များချမှတ်ခြင်း၊ အချိန်ဇယား ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း၊ အဓိကစွမ်းဆောင်နိုင်မှု

စာမျက်နှာ ၅ သို့ ○

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

မိုး/ဇလ

၂၀၂၅ ခုနှစ် ၊ ဖေဖော်ဝါရီ ၇ ရက်၊ သောကြာနေ့။
မန္တလေး

## မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းတင်သွင်းနိုင်ရေး ဆောင်ရွက်လျက်ရှိ

မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့(Practice of Thanakha Culture in Myanmar)နှင့်ပတ်သက်ပြီး ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းတင်သွင်းမည့် အချက်အလက်များနှင့်စပ်လျဉ်း၍ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ပညာရှင်အဖွဲ့ဝင်များနှင့် ညှိနှိုင်းဆွေးနွေးလျက်ရှိသည်။

၂၀၂၅ခုနှစ်တွင် မြန်မာနိုင်ငံမှ မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့(Practice of Thanakha Culture in Myanmar)ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း တင်သွင်းရာတွင် ဘက်စုံထောင့်စုံ ပြည့်ပြည့်စုံစုံဖြင့် ဟာကွက်မရှိအောင်ရေးသားပြုစုပြီး တင်သွင်းသွားရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသူနိုင်ငံသားများ နှစ်သက်ခုံမင်စွာ ရှေးနှစ်ပေါင်းများစွာကတည်းက အစဉ်အဆက်သုံးစွဲလာခဲ့သည့် မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို ၂၀၂၅ခုနှစ်တွင် UNESCOတင်သွင်းမည်ဖြစ်ကြောင်း၊ နိုင်ငံအတွက် တန်ဖိုးမဖြတ်နိုင်သည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းသည့်အနေဖြင့် နိုင်ငံတော်အစိုးရကလည်း နှစ်စဉ် တပို့တွဲလပြည့်နေ့ကို မြန်မာ့သနပ်ခါးနေ့အဖြစ် သတ်မှတ်ခဲ့ပါကြောင်း၊ ထို့ကြောင့် ၂၀၂၅ခုနှစ် မတ်၃၁ရက်မတိုင်မီ ယူနက်စကိုအဖွဲ့သို့ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတင်သွင်းမည့် မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့(Practice of Thanakha Culture in Myanmar) ကိုလည်း မြန်မာ့ရိုးရာအတာသင်္ကြန်ကဲ့သို့ အောင်မြင်စွာဖြင့် တင်သွင်းနိုင်ရေး လစ်ဟာမှုမရှိရန် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံအမျိုးသားဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ထိန်းသိမ်းမြှင့်တင်ရေးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ဖေဖော်ဝါရီ ၅ရက် နံနက်ပိုင်းတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ်ခန်းမ၌ Virtual Online System ဖြင့် ကျင်းပသည့် အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ပညာရှင်အဖွဲ့ဝင်များနှင့် ညှိနှိုင်းဆွေးနွေးသည့်အစည်းအဝေး၌ ပြောကြားခဲ့သည်။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲဇံက မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့(Practice of Thanakha Culture in Myanmar)အောင်မြင်စွာဖြင့် အသိအမှတ်ပြုတင်သွင်းနိုင်ရန် လိုအပ်သည့်အချက်အလက်များကို အကြံပြုပေးကြရန် ပြောကြားခဲ့သည်။

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန္ဒာခင်၊ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စိစစ်ရေးပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာတိုးလှ၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ရန်ကုန်၊ မန္တလေးတို့မှတာဝန်ရှိသူများနှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှတာဝန်ရှိသူများက မြန်မာ့သနပ်ခါး၏ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းကို UNESCO သို့တင်သွင်းရန် ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

မြန်မာတိုင်းရင်းသားများသာမက မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသည့် အခြားလူမျိုးများပါ သနပ်ခါးကိုနှစ်ခြိုက်စွာအသုံးပြုလျက်ရှိကြသည်။ ထို့ကြောင့် အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ပညာရှင်အဖွဲ့ဝင်များက နိုင်ငံအတွက် တန်ဖိုးမဖြတ်နိုင်သည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်သော မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့အား UNESCOသို့တင်သွင်းနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပိတောက်ပင်နယ်မြေ မီးသတ်စခန်းဖွင့်ပွဲ ကျင်းပ

**သရက် ဖေဖော်ဝါရီ ၆**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးတင့်လွင်သည် အဖွဲ့ဝင်များလိုက်ပါလျက် သရက်ခရိုင်၊ သရက်မြို့နယ် ပိတောက်ပင်နယ်မြေ မီးသတ်စခန်းသစ်ကို (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့မွန်းလွဲ ၂ နာရီခွဲက တက်ရောက်ဖွင့်လှစ်ပေးခဲ့ရာ အခမ်းအနားသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မီးသတ်စခန်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး နယ်မြေမီးသတ်စခန်းသစ်ကို သက်ဆိုင်ရာ ဆောက်လုပ်ရေးကုမ္ပဏီမှ မကွေးတိုင်းဒေသကြီး




မီးသတ်ဦးစီးမှူးထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ အဆိုပါ ပိတောက်ပင်ကျေးရွာသည် သရက်မြို့မှ (၉)မိုင်ကွာဝေးပြီး သရက်-မင်းတုန်းကားလမ်းမကြီးပေါ်တွင်တည်ရှိကာ မီးသတ်စခန်းသစ်သည် ကျေးရွာအုပ်စု(၄)စု၊ ကျေးရွာပေါင်း(၉)ရွာရှိ အိမ်ခြေ(၁၃၅၅)လုံး၊ အိမ်ထောင်စု (၁၃၅၈)စုနှင့် လူဦးရေ(၅၁၇၈)ဦးတို့၏ မီးဘေးလုံခြုံရေးကို လွှမ်းခြုံဆောင်ရွက်နိုင်မည် ဖြစ်သည်။

မီးသတ်စခန်းသစ်အား မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၂၀၂၄-၂၀၂၅)ဘဏ္ဍာရေးနှစ်ငွေလုံးငွေရင်းရန်ပုံငွေမှ ငွေကျပ် ၂၅၁ ဒသမ ၀၉၀သန်းဖြင့် တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။

(အပေါ်ပုံ)
**ဇော်ဝမ်းထွန်း(အောင်လံ)**

## မီးဘေးလုံခြုံရေး အသိပေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြ

**မန္တလေး ဖေဖော်ဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ မြို့နယ်မီးသတ်ဦးစီးဌာနသည် အောင်ပင်လယ်ရပ်ကွက်(၄၈)လမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန (အထက်မြန်မာပြည်)ပုံနှိပ်စက်ရုံရှိ ဝန်ထမ်းများအား မီးဘေးအန္တရာယ်ဖြစ်ပွားမှုမရှိစေရေးအတွက် မီးဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြမှုများအား ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။


ထိုသို့ ဆောင်ရွက်ရာတွင် ချမ်းမြသာစည်မြို့နယ် မီးသတ်ဦးစီးမှူး ဦးမင်းမင်းစိုးက ဝန်ထမ်းများအနေဖြင့် မီးဘေးအန္တရာယ်ကြောင့် အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးထိခိုက်မှုများ မရှိစေရေး သတိပြုဆောင်ရွက်ကြရန်၊ မီးချိတ်၊ မီးကပ်များနှင့် သဲအိတ်များထားရှိကြရန်၊ ဝါယာကြိုးများ ပေါက်ပြဲဆွေးမြေ့နေပါက အသစ်လဲလှယ်ခြင်းများ ပြုလုပ်ကြပါရန်၊ မိန်းတင်၊ မိန်းချခလုတ်များ သေချာစွာ စစ်ဆေးခြင်းများ ပြုလုပ်ကြရန်နှင့် မီးဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများအား အသိပညာပေးရှင်းလင်းပြောကြားခဲ့ပြီးနောက် မီးသတ်ဆေးဘူး အသုံးပြုနည်းနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်းများ၊ Gas မီး သရုပ်ပြသငြိမ်းသတ်ခြင်းများ၊ မီးငြိမ်းသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်ခြင်း ဇာတ်တိုက်လေ့ကျင့်ခန်းများအား လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ကြသည်။



အသိပညာပေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်ခြင်းလက်တွေ့သရုပ်ပြခြင်းကို ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန(အထက်မြန်မာပြည်)ပုံနှိပ်စက်ရုံရှိ စက်ရုံမှူး ဦးဘိုလှနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)
**ချမ်းမြေ့**

## ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်း ဧက ၅၀၀၀ကျော် စိုက်ပျိုးပြီး



**မကွေး ဖေဖော်ဝါရီ ၆**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်တွင်(၂၀၂၄-၂၀၂၅)ခုနှစ်၊ စိုက်ပျိုးရာသီတွင် ဆောင်းရာသီ၌ ဆီထွက်သီးနှံ၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်းတို့ကိုစိုက်ပျိုးရာ ယမန်နေ့အထိ စုစုပေါင်း ဧက ၅၀၀၀ကျော် စိုက်ပျိုးပြီးစီးကြောင်း ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

ရေနံချောင်းမြို့နယ်ရှိ ကျေးရွာများတွင် ယာမြေများနှင့်ကိုင်းမြေများတွင် မိုးရာသီနှင့်ဆောင်းရာသီ၌ ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာတို့ကို အဓိကထား၍ သီးခြားစိုက်ပျိုးသည့် အပြင် သီးညှပ်အဖြစ်စိုက်ပျိုးကြသည်။

ဆီထွက်သီးနှံများ စိုက်ပျိုးရာတွင် ပြည်တွင်း၌ စားသုံးဆီဖူလုံရေး၊ ပြည်ပမှတင်သွင်းသည့် စားသုံးဆီများလျော့ချနိုင်မည်ဖြစ်သည့်အပြင် လုပ်ငန်းသုံးအဖြစ် အသုံးပြုနိုင်မည် ဖြစ်သည်။

တောင်သူများဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး စသည့်လုပ်ငန်းများကို ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ယခုနှစ်ဆောင်းသီးနှံ ဆီထွက်သီးနှံ မြေပဲ ၁၆၈၅ ဧက၊ နှမ်း ၂၆၂ဧက၊ နေကြာ ၃၁၂၈ဧက၊ ပန်းနှမ်း ၃ဧက စုစုပေါင်းဧက ၅၀၀၀ကျော်အား စိုက်ပျိုးပြီးစီးခဲ့ကြောင်း ရေနံချောင်းမြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက သိရသည်။

(အပေါ်ဝဲပုံ)
(၄၇၂)

၀-၀-၀-၀-၀
၀-၀-၀

**သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက် သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ (မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၀၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၄၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com
ကြော်ငြာဌာန ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊ ၂၆လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

☆ ရှေ့ဖုံးမှ

သမိုင်းကြောင်းဖြစ်တည်မှုအရ မြန်မာနိုင်ငံ၏ ကျောက်ခေတ်နှောင်းကာလနှင့် မြို့ပြယဉ်ကျေးမှုထွန်းကားခဲ့သည့်ကာလ ယဉ်ကျေးမှုအထောက်အထားများကို ရှမ်းပြည်နယ်တွင် တွေ့ရှိရမည်ဖြစ်ပါသည်။ ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားတို့၏ ဘာသာစကား အမွေအနှစ်၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်း အမွေအနှစ်နှင့် သုခုမအနုပညာ အမွေအနှစ်တို့သည် ပြည်ထောင်စုတစ်ဝန်းလုံး၏ ယဉ်ကျေးမှုအနုပညာကဏ္ဍတွင် တစ်ဆက်တစ်စပ်တည်း ရောနှောပါဝင်လျက်ရှိသည်ကို တွေ့ရှိကြရမည်ဖြစ်ပြီး ပြည်ထောင်စုတစ်ဝန်းလုံး ရှေးနှစ်ပေါင်းများစွာကတည်းက အေးအတူပူအမျှ ချစ်ကြည်ရင်းနှီးစွာ နေထိုင်ခဲ့ကြခြင်း၏ ဂုဏ်ယူမှတ်သားဖွယ်ရာ ပြယုဂ်တစ်ခုလည်းဖြစ်ပါသည်။

နယ်ချဲ့ဗြိတိသျှတို့၏ (၃)ကြိမ်တိုင်တိုင် စစ်ပြုကျူးကျော်ခြင်းကို ခံရစဉ်ကလည်း ရှမ်းစော်ဘွားများနှင့် ရှမ်းတိုင်းရင်းသားတို့သည် အခြားတိုင်းရင်းသားများနှင့်အတူ ရှပ်ရှပ်ချွံချွံ ပူးပေါင်းတွန်းလှန်ခဲ့ကြပါသည်။ နိုင်ငံ၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် ဥမကွဲသိုက်မပျက်၊ တိုင်းချစ်ပြည်ချစ်စိတ်ဖြင့် လက်တွဲခဲ့ကြသည့် အစဉ်အလာသည် ရှမ်းပြည်နယ်နှင့် ရှမ်းတိုင်းရင်းသားတို့အတွက် လေးစားဂုဏ်ယူဖွယ်ရာဖြစ်ပါသည်။

မြန်မာနိုင်ငံကို ဗြိတိသျှတို့ နယ်ချဲ့သိမ်းပိုက်ပြီးသည်မှစ၍ ယခင်က မခွဲမခြား၊ မကွဲမပြား နေထိုင်ခဲ့ကြသည့် တောင်တန်းဒေသနှင့် မြေပြန့်ဒေသကို နယ်ချဲ့တို့က နည်းပရိယာယ်မျိုးစုံဖြင့် သွေးခွဲအုပ်ချုပ်ခဲ့ကြပါသည်။ နယ်ချဲ့တို့အနေဖြင့် မြန်မာနိုင်ငံအား မတတ်သာ၍ လွတ်လပ်ရေးပေးခဲ့ရလျှင်ပင် တောင်တန်းဒေသများကို ချန်လှပ်ပြီး ဆက်လက်သွေးခွဲအုပ်ချုပ်ရန်ကြိုးပမ်းခဲ့ကြပါသည်။ ယင်းကြိုးပမ်းမှုကို ချေဖျက်နိုင်ရန်အတွက် ရှမ်းပြည်ပဒေသရာဇ်ကောင်စီဝင် စော်ဘွားများနှင့် ရှမ်းပြည်နယ် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်မှ လူထုကိုယ်စားလှယ်များက ရှမ်းပြည်နယ်၊ ပင်လုံမြို့တွင် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့မှ ဖေဖော်ဝါရီလ ၆ ရက်နေ့အထိ ဆွေးနွေးခဲ့ကြပြီး ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် လူထုကိုယ်စားလှယ် ခုနစ်ဦး၊ စော်ဘွားများကိုယ်စားလှယ် ခုနစ်ဦး စုစုပေါင်း (၁၄) ဦး ပါဝင်သော ရှမ်းပြည်ကောင်စီ အမှုဆောင်အဖွဲ့ကို အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့ပါသည်။ ယခင်က နယ်ချဲ့တို့အလိုကျ လိုက်ပါဆောင်ရွက်ပေးခဲ့ရသော ရှမ်းပြည်ပဒေသရာဇ်ကောင်စီကို ဖျက်သိမ်းပေးရန် ဘုရင်ခံထံ ကြေးနန်းပေးပို့အရေးဆိုခဲ့ကြပါသည်။ ရှမ်းပြည်ကောင်စီ အမှုဆောင်အဖွဲ့အနေဖြင့် ပြည်မနှင့်အတူ လွတ်လပ်ရေးရယူရန် သဘောတူ လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။

ဤသို့ မိမိတို့ပြည်နယ်၊ နိုင်ငံအနာဂတ်အရေးအတွက် သဘောတူညီညွတ်မှုရရှိပြီး အရေးဆိုခဲ့ကြသည့် ဖေဖော်ဝါရီလ ၇ ရက်နေ့ကို ရှမ်းအမျိုးသားနေ့ဟူ၍ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ပင်လုံညီလာခံအစည်းအဝေးတွင် သတ်မှတ်ခဲ့ကြပါသည်။ ရှမ်းပြည်နယ်ရှိ ပဒေသရာဇ်စော်ဘွားများနှင့် လူထုခေါင်းဆောင်များ၏ ညီညွတ်မှုကို အရင်းခံသောဆုံးဖြတ်ချက်သည် သမိုင်းဝင်ပင်လုံစာချုပ်ကြီးနှင့် ပြည်ထောင်စုနေ့ဖြစ်ပေါ်လာရေးအတွက် ခိုင်မာသောအုတ်မြစ်ဖြစ်သည့် ဖေဖော်ဝါရီလ ၇ ရက်နေ့ကို ရှမ်းပြည်နယ်နေ့အဖြစ် သတ်မှတ်ဂုဏ်ပြုကျင်းပခဲ့သည်မှာ ယခုဆိုလျှင် (၇၈)နှစ် တိုင်ခဲ့ပြီဖြစ်ပါသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးခရီးကို အထောက်အပံ့ကောင်းဖြင့် ဖြောင့်တန်းစေခဲ့သောကြောင့် တိုင်းရင်းသားများအတွက် ထူးခြားလေးနက်သော နေ့ထူးနေ့မြတ်လည်းဖြစ်ပါသည်။

ရှမ်းပြည်နယ်နေ့ ပေါ်ပေါက်လာရခြင်းသည် နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှုကို တွန်းလှန်နိုင်ခဲ့ကြသည့် သမိုင်းဖြစ်ရပ်ကြီးနှင့် တစ်ဆက်တစ်စပ်တည်းပင်ဖြစ်ပါသည်။ နိုင်ငံလွတ်လပ်ရေး ကြိုးပမ်းမှုအတွက် အရေးကြီးသော ဆောင်ရွက်မှုကြီးဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဖော်ပြနိုင်ခဲ့သည့် **"ပြည်ထောင်စုနေ့"** သမိုင်းဖြစ်ရပ်ကြီး၏ ခိုင်မာမြဲမြံသော ပန္နက်လည်းဖြစ်ပါသည်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် နိုင်ငံတစ်နိုင်ငံ အေးချမ်းတည်ငြိမ်မှုနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲနေစေရေးအတွက် အသက်တမျှအရေးကြီးပါသည်။ ထို့အပြင် နိုင်ငံတစ်နိုင်ငံ တိုးတက်ရေးအတွက် ကြီးမားသော မောင်းနှင်အားတစ်ရပ်ဖြစ်သည့်အတွက်လည်း တိုင်းရင်းသားညီအစ်ကိုများအကြား သံသယများဖယ်ရှားကာ ဆွေးနွေးညှိနှိုင်းခြင်းဖြင့် ထာဝရငြိမ်းချမ်းရေးရရှိအောင် တည်ဆောက်သွားကြရမည်ဖြစ်ပါသည်။ လက်နက်ကိုင်အဖွဲ့အစည်းများရှိသည့် နယ်မြေဒေသများရှိ ဒေသခံပြည်သူများသည် နိုင်ငံနှင့် ပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်စေသည့်အကြမ်းဖက်မှုများနှင့် တိုက်ခိုက်မှုများကို စိတ်ကုန်မုန်းတီးနေကြပြီဖြစ်ပါသည်။ မိမိတို့၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံအေးချမ်းစွာ နေထိုင်နိုင်ရေးတို့ကို များစွာတောင့်တလျက်ရှိကြသော ပြည်သူအားလုံး၏ဆန္ဒကို ထည့်သွင်းစဉ်းစားကြရန် အသိပေးလိုပါသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်(၉)ရပ်တို့ကို ချမှတ်ကာ ဆောင်ရွက်လျက်ရှိပြီး တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ပြင်ဆင်လျက်ရှိပါသည်။ နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ် (၅)ရပ်တွင် ပါရှိသည့် **"နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ် တည်ငြိမ်မှုဖြစ်စေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်"** ဆိုသည့်အတိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို နိုင်ငံတော်ဘက်မှ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ တိုင်းရင်းသားလက်နက်ကိုင်များအနေဖြင့် မိမိတို့၏ဆန္ဒနှင့် မိမိအဖွဲ့အစည်း အကျိုးစီးပွားထက် ဖြစ်သင့်ဖြစ်ထိုက်သည့် ပြည်ထောင်စုနှင့် တိုင်းရင်းသားပြည်သူအားလုံး၏ အကျိုးစီးပွားကို စိတ်ရင်းစေတနာမွန်ဖြင့် ရှုမြင်သုံးသပ်ကာ ပြည်ထောင်စုငြိမ်းချမ်းရေးကို ရှေးရှုတွေးမြင်လုပ်ဆောင်ကြရန်လိုအပ်ပါသည်။

နိုင်ငံဖွံ့ဖြိုးရေးအတွက် တည်ဆောက်ထားသည့် အခြေခံအဆောက်အအုံများ ပျက်စီးခဲ့သည့်အတွက် တိုင်းရင်းသားပြည်သူများ ဆင်းရဲဒုက္ခရောက်ကြရသကဲ့သို့ နိုင်ငံတိုးတက်ရေးအတွက် အရေးပါသော လူ့စွမ်းအားအရင်းအမြစ်များ အဓိပ္ပာယ်မဲ့ ပြုန်းတီးနေရသည်မှာလည်း နိုင်ငံအင်အား လျော့နည်းလာခြင်းသာဖြစ်ပါသည်။ ထို့ကြောင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေဖြင့် တည်ငြိမ်အေးချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ဆောင်ရွက်ရာတွင် လေးလေးနက်နက်နားလည်သဘောပေါက်ပြီး ပူးပေါင်းဆောင်ရွက်ကြပါရန် ထပ်မံတိုက်တွန်းလိုပါသည်။

မိမိတို့နိုင်ငံတွင် လက်နက်ကိုင်ပဋိပက္ခသည် ခက်ခဲကြမ်းတမ်းသော စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါသည်။ မိမိတို့အနေဖြင့် နိုင်ငံတော်အကျိုး၊ ပြည်သူအကျိုးအတွက် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ် ဖော်ဆောင်လိုသည့် ရည်ရွယ်ချက်သာရှိပါသည်။ ထို့ကြောင့် တိုင်းရင်းသားပြည်သူအားလုံးလိုလားသည့် နိုင်ငံရေးနည်း၊ တွေ့ဆုံဆွေးနွေးခြင်းနည်းများဖြင့်သာ ဖြေရှင်းကြရမည်ဖြစ်ပါသည်။ တွေ့ဆုံဆွေးနွေးခြင်းနည်းများကသာ တည်ငြိမ်အေးချမ်းမှုကို ဖော်ဆောင်နိုင်ပြီး ပြည်သူများ၏ စီးပွားရေးနှင့် လူမှုရေးအခြေအနေများ တိုးတက်ကောင်းမွန်လာနိုင်မည်ဖြစ်ပါသည်။

တိုင်းပြည်တစ်ပြည် ကောင်းစွာ ရှင်သန်ရပ်တည်နေနိုင်ရန် မိမိကိုယ်ကို ခုခံကာကွယ်နိုင်စွမ်းနှင့် မိမိတို့၏ လုပ်ကိုင်ဆောင်ရွက်နိုင်မှုများကို မြှင့်တင်နေကြရမည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံ၏ ရပ်တည်ရှင်သန်ရေးကို ကိုယ်စွမ်းကိုယ်စနှင့် မထိန်းသိမ်းနိုင်လျှင် နိုင်ငံ၏ အချုပ်အခြာအာဏာ အားနည်းပြီး သူတစ်ပါးလက်အောက်ခံဘဝသို့ ကျရောက်နိုင်သည်ကိုလည်း သတိပြုကြရမည်ဖြစ်ပါသည်။ လွတ်လပ်သည့်နိုင်ငံအဖြစ် တည်တံ့ခိုင်မြဲစေရန်၊ သူတစ်ပါးလက်အောက်ခံ မဖြစ်စေရန် မိမိတို့အားလုံး စည်းလုံးညီညွတ်ကြရမည်ဖြစ်ပါသည်။ နိုင်ငံတော်အတွက် ဘေးအန္တရာယ်ကျရောက်နိုင်သည့် ယခုအချိန်ကာလတွင် နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကတာဝန်ရှိသည့် တပ်မတော်နှင့် ပြည်သူတို့ ခိုင်မြဲစွာလက်တွဲပြီး တိုင်းပြည်ချစ်စိတ်၊ ရဲစွမ်းသတ္တိအပြည့်အဝဖြင့် နိုင်ငံတော် အခွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် စည်းလုံးညီညွတ်စွာ နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

မိမိတို့အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရည်မှန်းချက်ဖြစ်သည့် လွတ်လပ်၍ တရားမျှတမှုအပြည့်ရှိသည့် ရွေးကောက်ပွဲကြီးကို အောင်မြင်စွာကျင်းပနိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ရာ ပြည်သူများက ပြည်ထောင်စုစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်များဖြင့် မျိုးချစ်စိတ်များကိုအခြေခံပြီး စည်းလုံးညီညွတ်စွာဖြင့် တရားမျှတပြီး လွတ်လပ်သောရွေးကောက်ပွဲကြီး အောင်မြင်စေရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ မြန်မာနိုင်ငံသားတိုင်းရင်းသားပြည်သူများအနေဖြင့် ငြိမ်းချမ်းသာယာ အေးချမ်းပျော်ရွှင်စွာဖြင့် အသက်မွေးလိုသောဆန္ဒရှိကြပါသည်။ ယင်းဆန္ဒပြည့်ဝရန်အတွက် အေးချမ်းသာယာဝပြောရေး၊ တရားဥပဒေစိုးမိုးရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် စားဝတ်နေမှုဖူလုံရေးတို့ ပြည့်စုံရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံသားအားလုံး အကျိုးဝင်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်လျက်ရှိသကဲ့သို့ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် အကောင်အထည်ဖော်လျက်ရှိပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ယခုထက်ပိုမိုထွန်းကားလာရန် လိုအပ်သဖြင့် MSME လုပ်ငန်းများ အောင်မြင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိပါသည်။ ထို့ကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတွင် အခြေခံကောင်း၊ အစဉ်အလာကောင်းများရှိခဲ့သည့် ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားများအနေဖြင့် ပိုမိုကြိုးပမ်းအားထုတ်ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုပါသည်။

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးအတွက် လူငယ်များအပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် အသိပညာ၊ အတတ်ပညာ ထူးချွန်ရန်လိုအပ်သကဲ့သို့ ဖြောင့်မတ်မှန်ကန်စွာ တွေးခေါ်ဆင်ခြင် ဆုံးဖြတ်နိုင်စွမ်းမြင့်မားရန်လည်း လိုအပ်ပါသည်။ နိုင်ငံတော်အနေဖြင့် ထူးချွန်ထက်မြက်ပြီး ပြည်ထောင်စုအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် ဘက်စုံပညာရေးကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ကျေးလက်ဒေသ၊ နယ်စပ်ဒေသများပါမကျန် ပညာသင်ယူခွင့် အခွင့်အလမ်းများ ရရှိအောင် နိုင်ငံတော်နှင့်အတူ ဝိုင်းဝန်းကြိုးပမ်းကြပါရန် တိုက်တွန်းလိုပါသည်။

ဗလငါးတန်ပြည့်စုံသောလူငယ်များ ပေါ်ထွန်းလာရေးအတွက် အစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရေးဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးသကဲ့သို့ ကျန်းမာကြံ့ခိုင်ရေးသည်လည်း ထပ်တူထပ်မျှ အရေးကြီးသည့်အတွက် ကျန်းမာကြံ့ခိုင်သော လူ့အဖွဲ့အစည်းဖြစ်ပေါ်စေရေး နိုင်ငံတော်က အလေးထားဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် လူငယ်များအတွင်း ကျန်းမာကြံ့ခိုင်မှုနှင့် အားကစားစိတ်ဓာတ် ဖွံ့ဖြိုးလာစေရေးအတွက် တိုင်းရင်းသားပြည်သူများက နိုင်ငံတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းမှာကြားလိုပါသည်။

နိဂုံးချုပ်အနေဖြင့် အေးချမ်းသာယာသော ပြည်ထောင်စုကြီးဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့ကို အုတ်မြစ်ချပေးနိုင်ခဲ့သည့် **"ရှမ်းပြည်နယ်နေ့"** အခါသမယတွင် ရှမ်းပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် ၁၉၄၇ ခုနှစ်က သန္ဓေတည်ဖြစ်ပွားခဲ့သော ပြည်ထောင်စုစိတ်ဓာတ်ကိုအရင်းခံ၍ ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ရာတွင် နိုင်ငံတော်၊ တပ်မတော်နှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

☆ မိမိတို့နိုင်ငံတွင် လက်နက်ကိုင်ပဋိပက္ခသည် ခက်ခဲကြမ်းတမ်းသော စိန်ခေါ်မှုတစ်ရပ်ဖြစ်
☆ မိမိတို့အနေဖြင့် နိုင်ငံတော်အကျိုး၊ ပြည်သူအကျိုးအတွက် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ် ဖော်ဆောင်လိုသည့် ရည်ရွယ်ချက်သာရှိ
☆ တိုင်းရင်းသားပြည်သူအားလုံး လိုလားသည့် နိုင်ငံရေးနည်း၊ တွေ့ဆုံဆွေးနွေးခြင်းနည်းများဖြင့်သာ ဖြေရှင်းကြရမည်
☆ တွေ့ဆုံဆွေးနွေးခြင်းနည်းများကသာ တည်ငြိမ်အေးချမ်းမှုကို ဖော်ဆောင်နိုင်ပြီး ပြည်သူများ၏ စီးပွားရေးနှင့် လူမှုရေးအခြေအနေများ တိုးတက်ကောင်းမွန်လာနိုင်မည်

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မမင်းအောင်လှိုင်
နိုင်ငံတော်ဝန်ကြီးချုပ်
ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# (၇၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်ကြီးမြို့ ရွှေဘုန်းပွင့်ဘုရား အတက်လမ်း ၂၂ ပေအကျယ် ကတ္တရာကွန်ကရစ် (AC)လမ်းသစ်ဖွင့်ပွဲ ကျင်းပ





တောင်ကြီး ဖေဖော်ဝါရီ ၆

(၇၈) နှစ်မြောက် ရှမ်းပြည်နယ်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်ကြီးမြို့ ရွှေဘုန်းပွင့်ဘုရား အတက်လမ်း ၂၂ ပေအကျယ် ကတ္တရာကွန်ကရစ်(AC)လမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ ရွှေဘုန်းပွင့်ဘုရား အတက်လမ်းသစ်ဖွင့်ပွဲ မုခ်ဦး၌ ကျင်းပသည်။

ဦးစွာ ရွှေဘုန်းပွင့်ဘုရား အတက်လမ်းအား နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း၊ ဒေါက်တာဘရွှေနှင့် ခွန်စံလွင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ စိန်နှင်းဆီ သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်နှင့် လှိုင်ခမ်းအဆင့်မြင့် အိမ်ရာစီမံကိန်းမှ ဦးစိုင်းရွက်၊ ရွှေဘုန်းပွင့်ဘုရား ဂေါပကအဖွဲ့ ဦးခင်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က စိန်နှင်းဆီ သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်နှင့် လှိုင်ခမ်းအဆင့်မြင့် အိမ်ရာစီမံကိန်းမှ ဦးစိုင်းရွက်အား ဂုဏ်ပြုမှတ်တမ်းပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများသည် ရွှေဘုန်းပွင့်ဘုရား ဂေါပကအဖွဲ့နှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (တောင်ကြီးရုံးခွဲ)၊ ပြည်နယ်စည်ပင်သာယာရေးဌာန ညွှန်ကြားရေးမှူး၊ အထက(၄) ဘင်ခရာတပ်ဖွဲ့နှင့် ပန်းဖွားအဖွဲ့၊ ရှမ်းတိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့၊ ကိန္နရီ၊ကိန္နရာအကအဖွဲ့တို့အား ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။



ဆက်လက်၍ ရွှေဘုန်းပွင့်စေတီတော်အား ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်း ပူဇော်၍ ဖူးမြော်ကြည်ညိုကြပြီး စေတီတော်အား တင်လှူပူဇော်မည့် ထီးတော်စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ဖူးမြော်ကြသည်။

ထို့နောက် စေတီတော်ဓမ္မာရုံ၌ ကျင်းပသည့် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့အား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းပွဲသို့ တက်ရောက်ရာ နိုင်ငံတော်ဩဝါဒါစရိယ တောင်ကြီးမြို့ စွန်းလွန်းဂူကမ္မဋ္ဌာန်းကျောင်းတိုက် ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ အဂ္ဂဓမ္မာ ဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များထံမှ အန္တရာယ်ကင်းပရိတ်တရားတော်များ နာယူကြည်ညိုကြကာ ဆရာတော်၊ သံဃာတော်များအား လှူဖွယ် ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ ပြည်နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ တောင်ကြီးမြို့ သိမ်တောင်ကျောင်းတိုက်ဦးစီးပဓာန နာယက အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တ တေဇဝန္တထံမှ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် (၇၈) နှစ်မြောက် ရှမ်းပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်သည့် ကလောမြို့နယ် ဟဲဟိုး-ဘော်ဆိုင်းလမ်းမှ တောင်မြေခြား-မြောက်မြေခြားလမ်း ကတ္တရာလမ်းသစ် (၁/၆ ဒသမ ၈၂) မိုင်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပိုးရယ်အောင်သိန်း၊ ဒေါက်တာဘရွှေ၊ ခွန်စံလွင်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးလှမိုး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်တို့က ဟဲဟိုး-ဘော်ဆိုင်းလမ်းမှ တောင်မြေခြား - မြောက်မြေခြားလမ်း ကတ္တရာလမ်းသစ် (၁/၆ ဒသမ ၈၂) မိုင်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက အဖွင့်အမှာစကား ပြောကြား၍ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အမှာစကား ပြောကြားပြီး ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးလက်ဖွံ့ဖြိုးရေး ဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း လမ်းတံတားများနှင့် ကတ္တရာလမ်းသစ် (၁/၆ ဒသမ ၈၂) မိုင် ဆောင်ရွက်ခဲ့မှုများကို ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးမျိုးမင်းသန့်က ရှင်းလင်းတင်ပြကာ ဒေသခံကျေးရွာကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ကလောမြို့နယ်အတွင်း သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်အခြေအနေများ ကွင်းဆင်းကြည့်ရှုစစ်ဆေး





ကလော ဖေဖော်ဝါရီ ၆

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီး များ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၄ ရက် မွန်းလွဲပိုင်းက ကလောမြို့နယ် ကလောဘူတာအနီးတွင် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးသွားသည့် ကလောချောင်း မူလနယ်နိမိတ် မြေတိုင်းတာပြီးစီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ကလောချောင်းဘေး မြေကာနံရံ ကိုးပေအမြင့် ဆောင်ရွက်နေမှု၊ ရာဂီမုန်တိုင်းကြောင့် ပျက်စီးသွားသောရေအေးကန်ရေပေးဝေရေးပိုက်လိုင်းများ ပြင်ဆင်ဆောင်ရွက်ခဲ့မှု၊ ရေအေးကန်သွားလမ်းနှင့် တမံချဉ်းကပ်လမ်း ပြင်ဆင်ဆောင်ရွက်မှု၊ ရာဂီမုန်တိုင်းဒဏ်ကြောင့် ကလောမြို့ မောမြေဦးပန်းခြံအတွင်း ထိခိုက်ပျက်စီးမှုများနှင့်ပြန်လည်ထူထောင်ရေး ဆောင်ရွက်ထားရှိမှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။

## မှာကြား

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကလောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်အဆင့် တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ကလောမြို့နယ် ရွှေမင်းဖုန်းကျေးရွာတွင် သဘာဝဘေးဒဏ်ကြောင့် လျှိုအတွင်း ရေထွက်ပေါက်မရှိဘဲ ထူးပေါက်ပိတ်ဆို့မှုကြောင့် ရေစီးဆင်းနိုင်ရန် ရေနုတ်မြောင်း တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးရာ ဒေသခံများက ရေအမြန်ကျဆင်းစေရေးအတွက် ရေမြောင်းတူး ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်နှင့် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

သတင်းစဉ်

# နိုင်ငံတော်အနေဖြင့် နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသော အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများကို ပြတ်ပြတ်သားသား နှိမ်နင်းဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအတွင်းသို့ အထောက်အထားမဲ့ဝင်ရောက်လာသူများအား သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၆

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး အချို့သောနယ်စပ်ဒေသများ၌ လက်ရှိဖြစ်ပေါ်နေသည့်အခြေအနေများအပေါ် အခွင့်ကောင်းယူ၍ ပြည်ပနိုင်ငံသား အချို့အနေဖြင့် EAO လက်နက်ကိုင်အဖွဲ့များအပါအဝင် ဆက်စပ်နေရာများမှ ကိုယ်ကျိုးစီးပွားရှာသူများ၏ ပါဝင်ပတ်သက်မှုများဖြင့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများကို ကျယ်ပြန့်စွာလုပ်ဆောင်လျက်ရှိသဖြင့် စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းခြင်း လုပ်ငန်းစဉ်ကို အလေးထားဆောင်ရွက်လျက်ရှိသည်။

### ပြန်လည်လွှဲပြောင်းပေးလျက်ရှိ

ထိုကဲ့သို့ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လျက်ရှိသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဖော်ထုတ်မှုများဆောင်ရွက်ခဲ့ရာ အများစုသည် ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံနယ်နိမိတ်အတွင်းသို့ ၎င်းတို့၏ ကိုယ်ကျိုးစီးပွားအတွက် အလုပ်လုပ်ကိုင်ရန် တရားမဝင် ဝင်ရောက်လာကြသူများဖြစ်ကြောင်း တွေ့ရှိရပြီး နိုင်ငံတော်အစိုးရအနေဖြင့် ၎င်းတို့သည် တရားမဝင် ဝင်ရောက်လာသူများဖြစ်သော်လည်း လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ တရားဥပဒေနှင့်အညီ စစ်ဆေး၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ ကျူးလွန်စေရန် ငွေကြေးမက်လုံးပေးစည်းရုံးမှုများဖြင့် အဓမ္မလူကုန်ကူးခြင်းခံထားရသည့် တရုတ်နိုင်ငံသား ၃၉ ဦး၊ ကာဇက်စတန်နိုင်ငံသား တစ်ဦး၊ အင်ဒိုနီးရှားနိုင်ငံသား ငါးဦး၊ အီသီယိုးပီးယားနိုင်ငံသား တစ်ဦး၊ ပါကစ္စတန်နိုင်ငံသား တစ်ဦး၊ မလေးရှားနိုင်ငံသား တစ်ဦး၊ အိန္ဒိယနိုင်ငံသား ၁၃ ဦး စုစုပေါင်း ၆၁ ဦးတို့အား ဖော်ထုတ်ရရှိသဖြင့် လိုအပ်သည့် စစ်ဆေးမှုများပြုလုပ်ခဲ့ပြီး ယနေ့မွန်းလွဲ ၁ နာရီခွဲခန့်တွင် မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားနေရာ၌ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထိုင်းနိုင်ငံမှ တာဝန်ရှိသူများထံသို့ လွှဲပြောင်းပေးအပ်နိုင်ခဲ့ကြောင်း သိရှိရသည်။

### အွန်လိုင်းမှတစ်ဆင့် သွေးဆောင်စည်းရုံးခံရ

၎င်းတို့အား စစ်ဆေးမေးမြန်းချက်များအရ ၎င်းတို့သည် ကွန်ပျူတာနှင့်ပတ်သက်သည့် လုပ်ငန်းများ၊ ဘာသာပြန်လုပ်ငန်းများအား လစာငွေအများအပြားဖြင့် လုပ်ကိုင်ရမည်ဟု အွန်လိုင်းမှတစ်ဆင့် သွေးဆောင်စည်းရုံးခံရပြီး မက်လုံးပေးလိမ်လည်ခြင်းခံခဲ့ရကြောင်း၊ ထို့နောက်သက်ဆိုင်ရာနိုင်ငံအသီးသီးမှ ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့လည်းကောင်း၊ ၎င်းမှတစ်ဆင့် မြန်မာ-ထိုင်းနယ်စပ်မြို့ဖြစ်သည့် မဲဆောက်မြို့သို့ ကနဦးရောက်ရှိကြပြီး တရားမဝင်ကျားဖြန့်လုပ်ငန်းမှ ကိုယ်စားလှယ်များက ထိုင်း- မြန်မာနယ်စပ်ရှိ သောင်ရင်းမြစ်အား တရားမဝင်ဖြတ်ကျော်ခေါ်ဆောင်ကာ မြဝတီ-ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများတွင် ပါဝင်လုပ်ဆောင်ရန် အတင်းအဓမ္မစေခိုင်းခြင်း ခံခဲ့ရခြင်းဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ လုပ်ဆောင်နေသူများနှင့် ပါဝင်ပတ်သက်နေသူများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ပြတ်ပြတ်သားသားအရေးယူခြင်းနှင့် လိုအပ်သည့် ကူညီဆောင်ရွက်ပေးခြင်းများကို ပြုလုပ်ပေးလျက်ရှိပြီး ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံအစိုးရများအပါအဝင် နိုင်ငံသူ နိုင်ငံသားများအနေဖြင့်လည်း ၎င်းကိစ္စရပ်များနှင့်ပတ်သက်သည့် သတင်းအချက်အလက်များရရှိပါက သက်ဆိုင်ရာသို့ အမြန်ဆုံးဆက်သွယ်သတင်းပေးပို့ခြင်းဖြင့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ ပူးပေါင်းတိုက်ဖျက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်





○ ရှေ့ဖုံးမှ

တိုင်းတာခြင်း၊ ညွှန်းကိန်းများသတ်မှတ်ခြင်းနှင့် သတ်မှတ်ထားသည့် ညွှန်းကိန်းများအတိုင်း သုံးသပ်အကဲဖြတ်ခြင်းတို့ကို ကော်မရှင်အဖွဲ့ဝင် သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ဦးဆောင်စီမံ၍ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်သည့်ကိစ္စရပ်များ၊ ပြည်တွင်း၌ အသုံးများသည့် ကုန်ပစ္စည်းများ၊ ဒေသအလိုက် အောင်မြင်ပြီးဖြစ်သည့် ထုတ်ကုန်များကို ပြည်တွင်းတွင် စီးပွားရေးတွက်ခြေကိုက်အောင် ထုတ်လုပ်နိုင်ရန်အတွက် ပြည်တွင်းစက်မှုလုပ်ငန်းရှင်များကို ပံ့ပိုးကူညီတွန်းအားပေးဆောင်ရွက်ကြရမည့်ကိစ္စရပ်များ၊ သွင်းကုန်အစားထိုးစက်မှုကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် သွင်းအားစုများဖြစ်သည့် ကုန်ကြမ်း၊ စွမ်းအင်၊ ငွေကြေး၊ လူ့စွမ်းအားအရင်းအမြစ်၊ နည်းပညာ စသည်တို့ကို အချိန်နှင့်မီ လွယ်ကူလျင်မြန်စွာ ရရှိနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးရမည့်ကိစ္စရပ်များ၊ စက်မှုဖွံ့ဖြိုးရေးကော်မရှင်အနေဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုတိုးမြှင့်ရေး၊ ပြည်တွင်းသုံးစွဲမှုဖူလုံရေး၊ ပြည်ပသို့ တင်ပို့နိုင်ရေး၊ အရည်အသွေးမြင့်၊ တန်ဖိုးမြင့်ထုတ်ကုန်များကို ထုတ်လုပ်နိုင်ရေး၊ နိုင်ငံတော်၏ စက်မှုကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး စသည့်ရည်မှန်းချက်များထားရှိဆောင်ရွက်ရမည်ဖြစ်သဖြင့် စက်မှုကဏ္ဍဖွံ့ဖြိုးရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးရမည့်ကိစ္စရပ်များကို ကော်မရှင်ဥက္ကဋ္ဌက ဦးဆောင်ဆွေးနွေးခဲ့ပြီး ကော်မရှင်အဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးကြသည်။

ဆက်လက်၍ စက်မှုဖွံ့ဖြိုးရေးကော်မရှင် အတွင်းရေးမှူး စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက ကော်မရှင်၏ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများ၊ စိုက်ပျိုးရေးအခြေပြု စက်မှုလုပ်ငန်းများ ဖော်ဆောင်နိုင်မည့် စက်ရုံများအခြေအနေကိုလည်းကောင်း၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များ၊ စက်မှုဝန်ကြီးဌာနရှိ နိုင်ငံပိုင်စက်ရုံများနှင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းများ၏ အခြေအနေကိုလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက ကော်မရှင်၏လုပ်ငန်းတာဝန်များအပေါ် ဝန်ကြီးဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့်အချက်များနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

### ဆွေးနွေးအတည်ပြု

ရှင်းလင်းတင်ပြချက်များနှင့်ပတ်သက်၍ တက်ရောက်လာသည့် ကော်မရှင်အဖွဲ့ဝင်များက ကော်မရှင်၏ လုပ်ငန်းတာဝန်များအပေါ် ဝန်ကြီးဌာနအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ခွဲဝေသတ်မှတ်ခြင်း၊ အဓိကဆောင်ရွက်ရမည့် ညွှန်းကိန်းများသတ်မှတ်ရေး ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး စက်မှုဖွံ့ဖြိုးရေးကော်မရှင်၏ ဦးတည်ရမည့် ရည်မှန်းချက်များ၊ ချမှတ်အကောင်အထည်ဖော်ရမည့် မဟာဗျူဟာများကို ကော်မရှင်အဖွဲ့ဝင်များအကြား ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများနှင့် မဲဆန္ဒရှင်စာရင်းပြည့်စုံမှန်ကန်စေရေး တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားသို့ တက်ရောက်





**မန္တလေး ဖေဖော်ဝါရီ ၆**

ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများနှင့် မဲဆန္ဒရှင်စာရင်းပြည့်စုံမှန်ကန်စေရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်ခရိုင်အဆင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က အဖွင့်အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မဲဆန္ဒရှင်စာရင်းများ ပြုစုရာတွင် အထောက်အကူဖြစ်စေရန် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်နေမှု အခြေအနေများ၊ လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် အကြိုပြင်ဆင်သည့် အခြေခံမဲစာရင်းတွင် ပါဝင်ရမည့် လူဦးရေစာရင်းများအား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့ ပူးပေါင်း၍ မြေပြင်တိုက်ဆိုင်စိစစ်မည့်လုပ်ငန်းစဉ်များအား တိုင်းဒေသကြီးအစိုးရအဖွဲ့မှပံ့ပိုးကူညီ ဆောင်ရွက်မည့် အခြေအနေများအား ဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးက ရွေးကောက်ပွဲကျင်းပရာတွင် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေး၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ အခွင့်အရေးများ ဆုံးရှုံးမှုမရှိစေရေး၊ မဲစာရင်းများ ဖောင်းပွမှုမရှိစေရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့ ပူးပေါင်း၍ မြေပြင်စာရင်းတိုက်ဆိုင်စိစစ်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် အစီအစဉ်အားလည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် မန္တလေးတိုင်းဒေသကြီးတာဝန်ခံ ဦးသန်းအောင်ကျော်က မန္တလေးတိုင်းဒေသကြီး၏ မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေးနှင့် ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများအားလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရှမ်းပြည်နယ်(မြောက်ပိုင်း) တာဝန်ခံဦးမြင့်ဦးက ရှမ်းပြည်နယ်(မြောက်ပိုင်း) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ဝန်ထမ်းများအနေဖြင့် မန္တလေးတိုင်းဒေသကြီးတွင် ယာယီတွဲဖက်တာဝန်ထမ်းဆောင်နေမှုနှင့်ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများအား ရှင်းလင်းပြောကြားခဲ့သည်။

(အပေါ်ပုံ)

ယင်းနောက် တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူး ဦးဝေဇင်ထွန်းက ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး အတွက် လူဦးရေစာရင်းများပြည့်စုံမှန်ကန်စေရေး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန တိုင်းဒေသကြီး ဦးစီးမှူးက မြေပြင်ကွင်းဆင်းစာရင်းကောက်ယူမှုလုပ်ငန်းများတွင် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့နှင့် ပူးပေါင်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ တိုင်းဒေသကြီးရွေးကောက်ပွဲအရာရှိက မဲဆန္ဒရှင်စာရင်းများ မှန်ကန်စေရေးနှင့် မဲရုံများ လျာထားနိုင်ရေးအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့မှ ပူးပေါင်းဆောင်ရွက်နေမှုတို့အားလည်းကောင်း ရှင်းလင်းတင်ပြကြပြီးနောက် အစည်းအဝေးသို့ တက်ရောက်လာသူများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းကလည်း မန္တလေးခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ အရာထမ်း၊ အမှုထမ်းများ၊ မန္တလေးတိုင်းဒေသကြီးတွင် ယာယီတွဲဖက်တာဝန်ထမ်းဆောင်လျက်ရှိသော ရှမ်းပြည်နယ်(မြောက်ပိုင်း) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံ၍ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေးအတွက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု ကိစ္စရပ်များနှင့်ဝန်ထမ်းရေးရာ ကိစ္စရပ်များကို တွေ့ဆုံဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

ဝ-ဝ-ဝ-ဝ-ဝ

# (၇၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဂနိုင်ကန်သာယာဖွင့်ပွဲအခမ်းအနား ကျင်းပ

**တောင်ကြီး ဖေဖော်ဝါရီ ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ အနောက်မြို့ပတ်လမ်းဘေးရှိ ဂနိုင်ကန်သာယာအဝင်မုခ်ဦး၌ ဖေဖော်ဝါရီ ၅ ရက် နံနက် ၈ နာရီက (၇၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဂနိုင်ကန်သာယာဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ တောင်ကြီးမြို့နယ် စည်ပင်သာယာရေးဌာန၊ အမှုဆောင်အရာရှိ ဦးသိန်းဝင်းက ဂနိုင်ကန်သာယာ တည်ဆောက်ခဲ့မှု အခြေအနေများအား ရှင်းလင်းတင်ပြသည်။




ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ရှမ်းပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် ဦးသန်းဦးလွင်၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်း၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ်နှင့် တင်မြင့်ရီရောင်းဝယ်ရေးကုမ္ပဏီလီမိတက်မှ ဦးတင်မြင့်တို့က ဂနိုင်ကန်သာယာအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ဂနိုင်ကန်သာယာအဝင်မုခ်ဦးဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂနိုင်ကန်တည်ဆောက်ရာတွင် ပါဝင်ကူညီလှူဒါန်းခဲ့သည့် ကုမ္ပဏီ၊ ဂနိုင်ကန်သန့်ရှင်းသာယာရေး ဝိုင်းဝန်းဆောင်ရွက်ခဲ့သော စည်ပင်သာယာရေးဝန်ထမ်းများ၊ ဆိုလာမီးတပ်ဆင်ပေးခဲ့သော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဂနိုင်ကန်သာယာဖွင့်ပွဲတွင် ပါဝင်ကူညီခဲ့ကြသည့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာအဖွဲ့နှင့် ကိန္နရီ၊ ကိန္နရာအဖွဲ့တို့အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများက ဂနိုင်ကန်သာယာအား လှည့်လည်ကြည့်ရှုခဲ့သည်။

အဆိုပါ ဂနိုင်ကန်သာယာ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၉ ရက်မှ စတင်ဆောင်ရွက်ခဲ့ပြီး တင်မြင့်ရီရောင်းဝယ်ရေးကုမ္ပဏီလီမိတက်မှ လှူဒါန်းငွေနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေနှင့် အထွေထွေပိုလျှံရန်ပုံငွေမှ ခွင့်ပြုငွေကျပ် ၁၃၈၄ ဒသမ ၈၃ သိန်းဖြင့် စည်ပင်သာယာရေးဌာနမှ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(၃၆၈)**

**စိမ်းလန်းစိုပြည်လှပစေဖို့ သန့်ရှင်းသော ကမ္ဘာမြေကို စောင့်ရှောက်စို့။**






# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် သုမင်္ဂလာဈေး(ညံ့တောဈေး) ခြောက်ထပ်အဆင့်မြင့်ဈေးသစ် တည်ဆောက်ရေးစီမံကိန်းနှင့် သီရိရတနာဈေးသို့ သွားရောက်ကြည့်ရှု

**မန္တလေး ဖေဖော်ဝါရီ ၆**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် ယနေ့နံနက်ပိုင်းက ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး(ညံ့တောဈေး) ခြောက်ထပ်အဆင့်မြင့်ဈေးသစ်တည်ဆောက်ရေးစီမံကိန်းနှင့် သီရိရတနာဈေးသို့ သွားရောက်ကြည့်ရှုခဲ့သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)ရှိ သုမင်္ဂလာဈေး (ညံ့တောဈေး) ခြောက်ထပ်အဆင့်မြင့်ဈေးသစ် တည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိရာ စီမံကိန်းနှင့် သက်ဆိုင်ရာဌာနဆိုင်ရာများမှ တာဝန်ရှိသူများက မြေညီထပ်မှစ၍ အထပ်အလိုက် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု၊ လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်နိုင်ရေး ဆိုလာပြားများ တပ်ဆင်သွားမည့်အခြေအနေ၊ ယာဉ်ရပ်နားသည့် နေရာအတွင်း EV ကားများအတွက် Battery Charger နေရာများဆောင်ရွက်နေမှု၊ ရေ၊ မီးစနစ်၊ ရေဝင်၊ ရေထွက်နှင့် ရေဆိုးစွန့်ပစ်မှုစနစ်များ ကောင်းမွန်စေရန် ဆောင်ရွက်နေမှုတို့အား လိုက်လံရှင်းလင်းပြသရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတော်အကြီးအကဲ လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များကို ပြီးမြောက်အောင် အလေးထားဆောင်ရွက်သွားရေးနှင့် လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာဖြင့် ပြီးစီးရေး သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရေးတို့ကို ပြောကြား၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီးနောက် တည်ဆောက်ရေးစီမံကိန်းအတွင်းနှင့် ရေဆိုးစွန့်ပစ်မှုစနစ်များ ကောင်းမွန်စေရန် Box Culvert ဆောက်လုပ်နေမှုနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက်မည့် အခြေအနေများကို လိုက်လံကြည့်ရှုခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ရပ်ကွက်ကြီး(၁၀)ရှိ သီရိရတနာဈေးသို့ ရောက်ရှိပြီး တာဝန်ရှိသူများက သီရိရတနာဈေးတွင် ညံ့တောဈေးမှ ဈေးသူ၊ဈေးသားများအား ယာယီနေရာချပေးထားမှု၊ ဈေးတွင် ရောင်းဝယ်ဖောက်ကားနေမှု အခြေအနေများကို လိုက်လံရှင်းလင်းပြသရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဈေးသူ၊ဈေးသားများနှင့် ဈေးဝယ်လာပြည်သူများ အဆင်ပြေချောမွေ့စေရေး၊ စိတ်ချမ်းမြေ့စေရေး၊ ဈေးနှင့်ဈေးပတ်ဝန်းကျင် အစဉ်အမြဲသန့်ရှင်းသပ်ရပ်စေရေး၊ ယာဉ်ကြောပိတ်ဆို့မှုနှင့် ရှုပ်ထွေးမှုမရှိစေရေး အလေးထားကာ စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရန်တို့ကို ပြောကြားပြီးနောက် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ဈေးသူ၊ဈေးသားများနှင့် ဈေးဝယ်ပြည်သူများကို ရင်းနှီးစွာနှုတ်ဆက်အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**







## မြေပြင်လူဦးရေစာရင်း ကွင်းဆင်းစိစစ်မှုများ ဆောင်ရွက်

**ပုသိမ်ကြီး ဖေဖော်ဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ မြို့နယ်မြေပြင်လူဦးရေစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီမှ မြို့နယ်အတွင်းရှိ လူဦးရေစာရင်း မှန်ကန်စေရေး၊ မြေပြင်ကွင်းဆင်းစာရင်း စိစစ်မှုများကို ဖေဖော်ဝါရီ ၃ ရက်မှစ၍ ဆောက်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက နန်းဦးလွင်ကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။ **(ယာပုံ)**

မြေပြင်ကွင်းဆင်းဆောင်ရွက်ရာတွင် အိမ်ထောင်စုအမှတ်စဉ်နှင့် မိသားစုအမှတ်စဉ်များကို နေရပ်လိပ်စာအတိုင်း၊ နေထိုင်ခြင်းရှိ၊ မရှိ၊ စာရင်းပြုစုခြင်း၊ သေဆုံးစာရင်းများ အတည်ပြုခြင်း၊ စာရင်းရှိသော်လည်း မြေပြင်တွင် နေထိုင်မှုမရှိသူများနှင့် စာရင်းမရှိနေထိုင်သူများ စာရင်းပြုစုခြင်း၊ မည်သည့်လက်မှတ်မျှကိုင်ဆောင်ခြင်းမရှိသူများ၊ အိမ်ထောင်စုစာရင်း မရှိသူများအား စိစစ်၍ အိမ်ထောင်စုစာရင်းနှင့် ကိုင်ဆောင်လက်မှတ်တစ်ခုခု ရရှိစေရေးတို့ကို ကွင်းဆင်းဆောင်ရွက်ပေးမည် ဖြစ်သည်။

အဆိုပါ ကွင်းဆင်းရာသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်မျိုးအောင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးကျော်မင်းထွန်း၊ မြို့နယ်မြေပြင်စာရင်းကောက်ယူရေး ကော်မတီဝင်များမှ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ဝဇ၅)





ညှိသည်တော်ထိုင်းဝန်ကြီးချုပ် ပေတုန်တန်ရှီနာဝါထရာကို အိမ်ရှင်တရုတ်နိုင်ငံတော်သမ္မတ ရှီကျင့်ဖျင်က ဖေဖော်ဝါရီ ၆ ရက်တွင် ပေကျင်းမြို့တော်၌ လက်ခံတွေ့ဆုံနှုတ်ဆက်နေစဉ်။ Mon

## INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ

# ချက်ဂျီပီတီမှတ်ဉာဏ်တုစနစ်ကို ဖန်တီးခဲ့သော အိုးပင်းအေအိုင်ကို အိန္ဒိယသတင်းဌာနများက တရားစွဲဆိုရန် ကြိုးပမ်းလျက်ရှိ

**ဒေလီ ဖေဖော်ဝါရီ ၆**

အမေရိကန်အခြေစိုက် ချက်ဂျီပီတီမှတ်ဉာဏ်တုစနစ်ကို ဖန်တီးခဲ့သော အိုးပင်းအေအိုင်ကို အိန္ဒိယသတင်းဌာနများက တရားစွဲဆိုရန် ကြိုးပမ်းလျက်ရှိကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။




၎င်းတို့၏ မူပိုင်ခွင့်ရှိသော အကြောင်းအရာများကို ခွင့်ပြုချက်မရှိဘဲ အိုးပင်းအေအိုင်က အသုံးပြုခဲ့သည်ဟု စွပ်စွဲကာ အိန္ဒိယနိုင်ငံ၏ အကြီးဆုံးသတင်းဌာနများက တရားစွဲဆိုရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

ထိုသတင်းဌာနများတွင် အိန္ဒိယအိတ်စ်ပရက်စ်၊ ဟင်ဒူ၊ အိန္ဒိယတူဒေးအုပ်စု၊ အင်န်ဒီတီဗွီနှင့် အခြားသတင်းဌာနပေါင်း တစ်ဒါဇင်ကျော် ပါဝင်ကြသည်။

အိုးပင်းအေအိုင်က စွပ်စွဲချက်များကို ငြင်းဆိုထားပြီး မိမိတို့အနေဖြင့် "အများသုံးဒေတာများ"ကို ကျယ်ကျယ်ပြန့်ပြန့် လက်ခံထားသော တရားဝင်စံသတ်မှတ်ချက်များနှင့် အညီ အသုံးပြုကြောင်း ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ၏ ဈေးနှုန်းချိုသာသော မှတ်ဉာဏ်တုစနစ်အတွက် အစီအစဉ်နှင့်ပတ်သက်၍ အိန္ဒိယလျှပ်စစ်နည်းပညာဝန်ကြီး အက်ရှ်ဝီနီဗိုက်ရှနောနှင့် ဆွေးနွေးရန် အိုးပင်းအေအိုင်၏အမှုဆောင်အရာရှိချုပ်ဖြစ်သူ ဆမ်အော့ထ်မန်း ဒေလီမြို့သို့ ရောက်ရှိလာသောနေ့တွင်ပင် ထိုသို့တရားစွဲဆိုမည်ဆိုသော သတင်းထွက်ပေါ်လာခြင်းဖြစ်ကြောင်း သိရသည်။ Mon



# ဂျပန်လေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်တစ်စင်း ဒယ်လ်တာလေကြောင်း လေယာဉ်နှင့် ဝင်တိုက်မှု ဖြစ်ပွား

**ဝါရှင်တန် ဖေဖော်ဝါရီ ၆**

ဂျပန်လေကြောင်းလိုင်းပိုင် ခရီးသည်တင်လေယာဉ်တစ်စင်းသည် အမေရိကန်ပြည်ထောင်စု ဆီယက်တဲလ်တာကိုမာ အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ဖေဖော်ဝါရီ ၆ရက်က ခရီးသည်တင်ဆောင်နေစဉ် ဒယ်လ်တာလေကြောင်းမှ ရပ်ထားသည့် လေယာဉ်တစ်စီး၏ နောက်ပိုင်းနှင့် ဝင်တိုက်မိခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ထိုလေယာဉ်နှစ်စင်းပေါ်မှ ခရီးသည်များအားလုံးကို အောက်သို့ ဆင်းခွင့်ပြုခဲ့ပြီး ထိခိုက်ဒဏ်ရာရသူ မရှိကြောင်း လေဆိပ်က သတင်းထုတ်ပြန်သည်။ မိမိတို့လေကြောင်းလိုင်းမှ ဘိုရင်း ၇၈၇ လေယာဉ်၏ ညာတောင်ပံနှင့် ဒယ်လ်တာလေကြောင်းမှ လေယာဉ်၏ နောက်ပိုင်း ဝင်ရောက်တိုက်မိခဲ့သည်ဟု ဂျပန်လေကြောင်းလိုင်းက အတည်ပြုခဲ့ကြောင်း သိရသည်။ Mon

# အမေရိကန်မှ နောက်ထပ်ပြန်ပို့သော နိုင်ငံခြားသားများကို ဂွါတီမာလာနိုင်ငံက လက်ခံရန် သဘောတူညီ

**ဂွါတီမာလာ ဖေဖော်ဝါရီ ၆**

အမေရိကန်ပြည်ထောင်စုမှ ပြန်ပို့မည့် နိုင်ငံကူးပြောင်းသူများ စီးနင်းလိုက်ပါလာမည့် လေယာဉ်အစင်းရေကို တိုးမြှင့်လက်ခံမည်ဟု ဂွါတီမာလာနိုင်ငံက သဘောတူညီခဲ့သည်ဟု ဖေဖော်ဝါရီ ၅ ရက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ဂွါတီမာလာသမ္မတ ဘာနားဒိုအာရေးဗလိုက ထုတ်ဖော်ကြေညာခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ထိုသဘောတူညီမှုကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယို၏ အစိုးရခရီးစဉ်အပြီး ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။ မိမိတို့နိုင်ငံသားများနှင့် အခြားနိုင်ငံသားများပါဝင်သော နိုင်ငံခြားသားများ တင်ဆောင်လာသည့် လေယာဉ်ပျံ အရေအတွက်ကို ၄၀ ရာခိုင်နှုန်း တိုးမြှင့်မည်ဟု သဘောတူညီခဲ့ကြောင်း အာရေးဗလိုက ရူဘီယိုနှင့် ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ဂွါတီမာလာအနေဖြင့် အမေရိကန်မှ ပြန်ပို့သောနိုင်ငံခြားသားများ လက်ခံခြင်းကို ပထမဆုံးလုပ်ဆောင်ခြင်းမဟုတ်ဘဲ ယခင်သမ္မတ ဂျိုးဘိုင်ဒင်အစိုးရလက်ထက်ကလည်း လုပ်ဆောင်ခဲ့ဖူးကြောင်း သိရသည်။ Mon





# ဂါဇာကမ်းမြောင်မှ နိုင်ငံကူးပြောင်းလိုသူများအတွက် စီမံချက်မူကြမ်းပြင်ဆင်ရန် အစ္စရေးဝန်ကြီး ညွှန်ကြား

**ဂျေရုဆလင် ဖေဖော်ဝါရီ ၆**

ဂါဇာနယ်မြေမှ နိုင်ငံကူးပြောင်းလိုသူများအတွက် အစီအစဉ်တစ်ခုပြင်ဆင်ရန် တပ်မတော်ကို အစ္စရေးကာကွယ်ရေးဝန်ကြီး အစ္စရေးကက်ဇ် ညွှန်ကြားလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အမေရိကန်အစိုးရက ဂါဇာကို ထိန်းချုပ်ပြီး အဆိုပါနေရာကို ဆွတ်ပျံ့သာယာသော အပန်းဖြေကမ်းခြေမြို့ပြတစ်ခုအဖြစ် ပြောင်းလဲမည်ဆိုသော အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်၏အကြံအစည်ကို ထုတ်ဖော်ပြောဆိုပြီးနောက် ထိုညွှန်ကြားချက်ကို ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

မိမိအနေဖြင့် သမ္မတထရမ့်၏ ရဲရင့်သော အစီအစဉ်ကို ကြိုဆိုပါသည်။ "ဂါဇာတွင် နေနေရသူများသည် ကမ္ဘာ့စံနှုန်းအတိုင်း လွတ်လပ်စွာနိုင်ငံပြောင်းခွင့် ရသင့်သည်"ဟု ကက်ဇ်က ထည့်သွင်းပြောကြားခဲ့သည်။

"ဂါဇာမှ ထွက်ခွာလာသည့် ပါလက်စတိုင်းတို့ကို ဘယ်နိုင်ငံများက လက်ခံမည်နည်း"ဟု မေးမြန်းသည့်အခါ "အစ္စရေး၏ စစ်ရေးဆောင်ရွက်မှုများကိုဝေဖန်ပြီး အစွန်းရောက်စွပ်စွဲမှုများ ပြုလုပ်ခဲ့သည့် နိုင်ငံများက ဥပဒေရေးရာ တာဝန်ယူပြီး ဂါဇာပြည်သူများကို ၎င်းတို့ နိုင်ငံတော်အတွင်း ခွင့်ပြုရမည်"ဟု ကက်ဇ်က တုံ့ပြန်ခဲ့ကြောင်း သိရသည်။ Mon

# လိင်ပြောင်းအမျိုးသမီးများကို တားမြစ်သောအမိန့် သမ္မတဒေါ်နယ်လ်ထရမ့် လက်မှတ်ရေးထိုး ထုတ်ပြန်

**ဝါရှင်တန် ဖေဖော်ဝါရီ ၆**

အမျိုးသမီးနှင့် မိန်းကလေးများ၏ အားကစားပြိုင်ပွဲများတွင် လိင်ပြောင်းခြင်းဖြင့် အမျိုးသားမှ အမျိုးသမီးဖြစ်လာသူများ ပါဝင်ယှဉ်ပြိုင်ခြင်းကို တားမြစ်သော အမိန့်တစ်စောင်ကို ဖေဖော်ဝါရီ ၅ရက်တွင် အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့် လက်မှတ်ရေးထိုးလိုက်ပြီဖြစ်ကြောင်း ဘီဘီစီ သတင်းဌာနက ဖော်ပြသည်။

၎င်းလက်မှတ်ရေးထိုးသည့် အဆိုပါ အမိန့်အရ အမျိုးသားမှ အမျိုးသမီးအဖြစ် ပြောင်းလဲလာသူများကို အမျိုးသမီးများအတွက် သတ်မှတ်ထားသည့် အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ပြုသည့် ပညာရေးအဖွဲ့အစည်းများကို ဖက်ဒရယ်အစိုးရမှ ထောက်ပံ့ကြေးဖြတ်တောက်မည်ဖြစ်သည်။



ထို့ပြင် အမျိုးသမီးများသုံးသော အဝတ်လဲခန်းများကို လိင်ပြောင်းအမျိုးသမီးများအား အသုံးပြုခွင့်ပေးသည့် တက္ကသိုလ်များနှင့် ကျောင်းများအနေဖြင့်လည်း ထောက်ပံ့ကြေးရပ်တန့်ခြင်းခံရမည် ဖြစ်သည်။

ထိုအမိန့်အရ အမိကအားကစားအဖွဲ့အစည်းများနှင့် အုပ်ချုပ်ရေးအဖွဲ့များကို ခေါ်ယူ၍ "အမျိုးသမီး အားကစားသမားများအတွက် တရားမျှတပြီး လုံခြုံသော မူဝါဒများ"ကို ပံ့ပိုးပေးရန် တိုက်တွန်းသွားမည်ဟု ဆိုသည်။

"အမျိုးသမီးအားကစားသမားများအပေါ် ချိုးဖောက်သော ပြိုင်ဆိုင်မှုများကို အဆုံးသတ်လိုက်ပြီ"ဟု ထရမ့်က ထုတ်ဖော်ပြောကြားကြောင်း သိရသည်။ Mon

# ငှက်များစောင့်ကြည့်ရေး အစီအစဉ်အသစ်များ တောင်ကိုရီးယားနိုင်ငံ၌ ထုတ်ပြန်ကြေညာ

**ဆိုးလ် ဖေဖော်ဝါရီ ၆**

တစ်နိုင်ငံလုံးရှိ လေဆိပ်များ၏ အထူးလုံခြုံရေးစစ်ဆေးမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ငှက်များ စောင့်ကြည့်ရေးနှင့် ပတ်သက်သောအစီအစဉ်သစ်များကို တောင်ကိုရီးယားနိုင်ငံ၌ ဖေဖော်ဝါရီ ၆ ရက်တွင် ထုတ်ပြန်ကြေညာလိုက်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

လေဆိပ်တိုင်းတွင် အနည်းဆုံး အပူငွေ့ပုံဖော်ကင်မရာတစ်လုံးတပ်ဆင်မည်ဟု မြေယာဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။ ငှက်ရှာဖွေသိရှိနိုင်သည့် ရေဒါများတပ်ဆင်မည်ဖြစ်ကာ အဝေးမှ ငှက်များကို မြန်မြန်စောစော တွေ့ရှိနိုင်စေရန်နှင့် လေယာဉ်များအတွက် တုံ့ပြန်နိုင်မှုမြှင့်တင်နိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။ Mon

## ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေ

**တောင်တွင်းကြီး ဖေဖော်ဝါရီ ၆**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ် လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး၊ မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ် အစား ၄က်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်း (Campaign) နှင့် ပလတ်စတစ်ညစ်ညမ်းမှု လျှော့ချရေး အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၇ နာရီက မြို့မဈေးအတွင်း ဆောင်ရွက်ခဲ့သည်။



အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့မဈေး အကျိုးတော်ဆောင်အဖွဲ့များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာများ ယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များ အခမဲ့ ဖြန့်ဝေခဲ့ကာ ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ် အသုံးပြုမှုလျှော့ချရေးအတွက် အသိပညာပေး(campaign) ပြုလုပ်ခြင်းကို အပတ်စဉ် တနင်္လာနေ့တိုင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ထံမှ သိရသည်။

(ဝဲပုံ)

**နောင်နောင် (မိဿနိုးမြေ)**



## ဈေးမီးဘေးလုံခြုံရေးအတွက် ဟောပြောသရုပ်ပြသခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခန်းများ ဆောင်ရွက်

**ဇမ္ဗူသီရိ ဖေဖော်ဝါရီ ၆**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ မြို့မဈေး၌ ဈေးမီးဘေးလုံခြုံရေးအတွက် ဟောပြောသရုပ်ပြသခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခန်းများ ဆောင်ရွက်ခြင်းတို့ကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ ဈေးမီးဘေးလုံခြုံရေး အသိပညာပေး ဟောပြောရာတွင် နေပြည်တော် မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမြတ်သီဟ ဦးဆောင်သော သန္တေမီးသတ်တပ်ဖွဲ့ဝင်များမှ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးဘေးအန္တရာယ်ဆိုင်ရာများကို သတိရှိစေရန်နှင့် အရေးပေါ်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ၊ မီးလောင်မှုအခြေခံသဘောတရားများ၊ မီးငြိမ်းသတ်ခြင်းစနစ်များ၊ မီးသတ်ဆေးဘူးအသုံးပြုနည်းများအား အသိပညာပေး ပြောကြားခဲ့သည်။

ထို့နောက် ဆီမီးလောင်မှု၊ ဂက်စ်မီးဖိုနှင့် ရိုးရိုးမီးဖိုမီးလောင်မှုတို့အား လက်တွေ့မီးငြိမ်းသတ်သရုပ်ပြသခြင်း၊ မီးငြိမ်းသတ်ယာဉ် လေးစီး၊ Hydrulic Platform 48 meter မီးငြိမ်းသတ်ယာဉ် တစ်စီး၊ LUF 60 တစ်စီး၊ မီးသတ်ရေသယ်ယာဉ် နှစ်စီးတို့ အသုံးပြု၍ မီးလောင်မှုဖြစ်ပွားပါက လက်တွေ့ဆောင်ရွက်ရမည့် မီးငြိမ်းသတ်ခြင်း ဇာတ်တိုက်လေ့ကျင့်ခန်းများကို ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ မီးဘေးလုံခြုံရေး ဟောပြောသရုပ်ပြသခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခန်းသို့ နေပြည်တော် မီးသတ်ဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးမြတ်သီဟ၊ ခရိုင်၊ မြို့နယ် မီးသတ်ဦးစီးမှူးများ၊ ဇမ္ဗူသီရိမြို့နယ်မီးဘေးလုံခြုံရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့မဈေးစည်ပင်သာယာဦးစီးဌာနဝန်ထမ်းများ တက်ရောက်ခဲ့ပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**မြို့နယ်(ပြန်/ဆက်)**

## တောင်သာမြို့နယ် ရုံးစည်ကြီးရွာနှင့် ရွာသစ်ရွာရှိ ဘုန်းကြီးကျောင်းနှင့် နေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သဖြင့် သံဃာတော်တစ်ပါးနှင့် ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၆**

မန္တလေး တိုင်းဒေသကြီး တောင်သာမြို့နယ်ရှိ ရုံးစည်ကြီးရွာနှင့် ရွာသစ်ရွာရှိ ဘုန်းတော်ကြီးကျောင်းနှင့် နေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် သံဃာတော်တစ်ပါးနှင့် ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာတစ်ခုက မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေလျက်ရှိကြောင်း သိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အဆိုပါသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် စစ်ရေးပစ်မှတ်မဟုတ်သည့် ကျေးရွာများအား ဥပဒေမဲ့ ပစ်ခတ်တိုက်ခိုက်ခြင်း မရှိကြောင်း၊ အကြမ်းဖက်သမားများ ကသာခြိမ်းခြောက်စာများပေးပို့၍ ဆက်ကြေး ကောက်ခံခြင်းများ လုပ်ဆောင်လျက်ရှိပြီး ၎င်းတို့ အလိုကျလိုက်ပါလုပ်ဆောင်ခြင်း မရှိသည့် ကျေးရွာ၊ ရပ်ကွက်များ၊ ဘုန်းတော်ကြီး ကျောင်းများနှင့် စာသင်ကျောင်းများအား မီးရှို့ဖျက်ဆီးခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ ဒရုန်းများဖြင့် ဗုံးကြဲခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုဖြစ်စဉ်တွင်လည်း အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေး ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုမှအထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ အကြမ်းဖက်အားပေး




ပြည်ဖျက်မီဒီယာများက ယခုကဲ့သို့ မဟုတ်မမှန် ရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အမျိုးသမီးများကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

အမျိုးသမီးများကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်နှစ်(၂၀) ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရှမ်းပြည်နယ် မူဆယ်မြို့ ဟိုမွန်ရပ်ကွက်နေ ဇေယျာအောင်နှင့် မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက်နေ ဇင်မာအေး(ခ)မအေး(ခ)သဲသဲတို့က ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နေ မ-----၊ ၂၀/၂၀၂၄ နှစ်နှင့် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်နေ မ-----၊ ၃၁/ ၂၀၂၄ နှစ်တို့နှစ်ဦးကို တရုတ်ဇနီးမယားအဖြစ် ဆောင်ရွက်ပါက ငွေကျပ်သိန်း ၇၀ ရရှိမည်ဟု ပြောဆိုစည်းရုံးပြီး တရုတ်ယောကျ်ားထံ ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့ကြသဖြင့် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် အမှတ်(၉) မြို့မရဲစခန်း(ပ)၂၅၁/၂၀၂၄၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(က)/ ၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့သည်။ မူဆယ်ခရိုင်တရားရုံးမှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် တရားခံ ဇေယျာအောင်ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)အရ အလုပ်နှင့်ထောင်ဒဏ်နှစ်(၂၀)၊ တရားခံ ဇင်မာအေး(ခ)မအေး(ခ)သဲသဲကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)/၄၄ အရ အလုပ်နှင့်ထောင်ဒဏ် နှစ်(၂၀)ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**မြိတ် ဖေဖော်ဝါရီ ၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ ဇန်နဝါရီ ၃၁ ရက် ညနေ ၅ နာရီခွဲက မြိတ်မြို့၊ ကန်ဖျားရပ်ကွက်တွင် အောင်ဖြိုးသူ(ခ)ဖြိုးငယ် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာဖွေရာ ဆိုင်ကယ်ခုံကြားတွင် သယ်ဆောင်လာသော စက္ကူဂျပ်ဖာအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ညနေ ၆ နာရီခွဲက ၎င်းနေထိုင်သည့် မြိတ်မြို့၊ မြိတ်တောင်ရပ်ကွက်ရှိ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀၀၀ အား လည်းကောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ဖေဖော်ဝါရီ ၃ ရက် မွန်းလွဲ ၁ နာရီက အဆိုပါ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူ ဇော်နိုင်ဦး(ခ)ဆရာပွေးအား ကျွန်းစုမြို့နယ်၊ ရေကန်တောင်ကျေးရွာတွင် လက်ကိုင်ဖုန်း တစ်လုံးနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့်



အောင်ဖြိုးသူ(ခ)ဖြိုးငယ်(၃၄)နှစ် နှင့် ဇော်နိုင်ဦး(ခ)ဆရာပွေး (၃၀) နှစ်တို့အား မြိတ်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

**ပန်းမန်သစ်ပင်**
**လေသန့်စင်၍**
**ဥယျာဉ်**
**တောတန်း**
**စိတ်ရွှင်လန်း၏။**

### ယာဉ်မောင်းသူများ လိုက်နာရန်

- မြို့တွင်းတစ်နာရီ ၄၈(ကီလိုမီတာ)အတွင်း ယာဉ်များမောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- အရက်သောက်လျှင် (လုံးဝ) ကားမမောင်းရ၊ ဆိုင်ကယ်မစီးရ။
- ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန်။
- (မီးနီ၊ မီးဝါ)လုံးဝဖြတ်မမောင်းရ၊ မစီးရ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌာနချုပ်ရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

## ဖေဖော်ဝါရီလအတွင်း အားအနည်းအငယ်ရှိသော လာနီညာအခြေအနေတွင် တည်ရှိနိုင်

**မန္တလေး ဖေဖော်ဝါရီ ၆**

နိုင်ငံတကာ မိုးလေဝသဌာနများ၏ သင်္ချာပုံစံပြမော်ဒယ်များ ခန့်မှန်းချက်အရ မြန်မာ့ရာသီဥတုသည် ဖေဖေါ်ဝါရီလအတွင်း အားအနည်းငယ်ရှိသော လာနီညာအခြေအနေ၌ တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ထားသည်။

အီကွေတာအနီးရှိ အပူပိုင်း ပစိဖိတ်သမုဒ္ဒရာ(Tropical Pacific Ocean)၏ ပင်လယ်ရေမျက်နှာပြင် အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအနည်းငယ်ရှိသော လာနီညာအခြေအနေတွင် တည်ရှိနေသည်ဟု ဆိုသည်။

"လာနီညာဖြစ်စဉ်က ပစိဖိတ်သမုဒ္ဒရာမှာ ဖြစ်ပေါ်တဲ့ ဖြစ်စဉ်ဖြစ်ပေမယ့် လာနီညာဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုက ယေဘူယျအားဖြင့် အရှေ့ဘက်လေပွေလှိုင်းတွေ တိုက်ခတ်မှု၊ ညအပူချိန်တွေ အနည်းငယ်လျော့နည်းမှုနဲ့ မိုးရွာသွန်းမှုဆိုတဲ့ မူမမှန်တဲ့ရာသီဥတုဖြစ်စဉ်တွေ ဖြစ်ပေါ်လေ့ရှိပါတယ်"ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဖေဖော်ဝါရီလ၊ ပထမ ၁၀ ရက်ပတ်ခန့်မှန်းချက်များအရ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ကြောင်း သိရသည်။

"မိုးဦး၊ မိုးကြိုကာလအတွင်း မိုးအကျစောတာက အားပျော့ပျော့ဖြစ်နေတဲ့ လာနီညာသက်ရောက်မှု ကြောင့်လား၊ ဒါမှမဟုတ် အခြားဖြစ်စဉ်တွေကြောင့်လား၊ တစ်ခုခုကြောင့် ၂၀၂၅ ခုနှစ်မှာ မိုးဦး/မိုးကြိုကာလမှာ မိုးကစောစောရွာနိုင်ပြီး မိုးဦးကာလအတွင်း ရာသီဥတုအခြေအနေက ပုံမှန်ဖြစ်နိုင်မယ်"ဟု မိုးလေဝသပညာရှင်တစ်ဦးက ခန့်မှန်းပြောဆိုသည်။

ညအပူချိန်များမှာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် တောင်ပိုင်း) တို့တွင် ဖေဖော်ဝါရီလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့်အထက် ပိုနိုင်ပြီး ကျန်တိုင်းနှင့် ပြည်နယ်များတွင် ဖေဖော်ဝါရီလ ပျမ်းမျှအပူချိန်ခန့်သာရှိမည်ဟု ဆိုသည်။

**(မန္တလေးနေ့စဉ်-၉)**

၀-၀-၀-၀

၀-၀-၀-၀-၀

၀-၀-၀-၀-၀-၀





## လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု (အခြေခံ) သင်တန်းဖွင့်ပွဲ ကျင်းပ

**မြစ်သား ဖေဖော်ဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်စက်မှုလယ်ယာဦးစီးဌာန၊ အမှတ်(၆၄) စက်မှုလယ်ယာစခန်းမှ ကြီးမှူးဖွင့်လှစ်သည့် လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု(အခြေခံ) သင်တန်းအမှတ်စဉ်(၁/၂၀၂၅ ) သင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၉ နာရီခွဲက အဆိုပါ စက်မှုလယ်ယာစခန်း သင်တန်းခန်းမ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ မြစ်သားမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းအောင်က သင်တန်းအဖွင့်အမှာစကားပြောကြားပြီး ကျောက်ဆည်ခရိုင်စက်မှုလယ်ယာဦးစီးဌာနမှ ခရိုင်ဦးစီးဌာနမှူး ဦးမိုးကျော်က စက်မှုလယ်ယာဦးစီးဌာန၏ လုပ်ငန်းဆိုင်ရာများနှင့် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။ မြစ်သားမြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူး ဦးရားကိုင်ထန်းက တောင်သူလယ်သမားများနှင့် စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်နေသူများအား ခေတ်မီလယ်ယာသုံးစက်ကိရိယာများကို စနစ်တကျ ကျွမ်းကျင်စွာကိုင်တွယ်မောင်းနှင်အသုံးပြုနိုင်စေရန်၊ လယ်ယာသုံးစက်ကိရိယာမောင်းနှင်ခြင်းလုပ်ငန်းကို ဒေသအလိုက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် လုပ်ကိုင်နိုင်ကြစေရန်နှင့် ပုဂ္ဂလိကလယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ရခြင်း အကြောင်းအရာများကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု သင်ခန်းစာများကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချခဲ့သည်။

အဆိုပါ သင်တန်းကို ဖေဖော်ဝါရီ ၄ရက်မှ ၁၅ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး အင်ဂျင်ဘာသာရပ်၊ လက်တွန်းထွန်စက်ဘာသာရပ်၊ ထွန်စက်ကြီးဘာသာရပ်၊ ရိတ်သိမ်းခြွေလှေ့စက်ဘာသာရပ်၊ ကောက်စိုက်စက်ဘာသာရပ်နှင့် ထွန်ယက်ကိရိယာများဘာသာရပ်များကို မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု (၈)အုပ်စုမှ သင်တန်းသား(၃၀) ဦးအား သင်တန်းသားတစ်ဦးချင်းစီ စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည် ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**သီတာအောင်(မြစ်သား)**

၀-၀-၀-၀




## အင်္ဂလိပ်ကာရာဘောင်းလိဂ်ဖလား ဗိုလ်လုပွဲအဆင့်သို့ နယူးကာဆယ်အသင်းတက်ရောက်



**လန်ဒန် ဖေဖော်ဝါရီ ၆**

အင်္ဂလိပ်ကာရာဘောင်းလိဂ်ဖလား ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ် ဒုတိယကျော့ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက နယူးကာဆယ်အသင်းနှင့် အာဆင်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နယူးကာဆယ်အသင်းက အာဆင်နယ်အသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့သည်။

နယူးကာဆယ်အသင်းသည် အာဆင်နယ်အသင်းအား ပထမကျော့ပွဲစဉ်တွင်လည်း နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိထားသလို ယခုဒုတိယကျော့တွင်လည်း နှစ်ဂိုး၊ ဂိုးမရှိဖြင့် ထပ်မံအနိုင်ရရှိခဲ့မှုကြောင့် ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

နယူးကာဆယ်အသင်းသည် ယခုနှစ်ဘောလုံးရာသီ အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီး အင်္ဂလိပ်ကာရာဘောင်းလိဂ်ဖလားသို့ တက်ရောက်နိုင်ခဲ့သလို၊ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင်လည်း အမှတ်ပေးဇယားအဆင့် (၆)နေရာတွင် ရပ်တည်နိုင်ခဲ့သည်။

နယူးကာဆယ်အသင်းနည်းပြ အက်ဒီဟောင်းက "ကျွန်တော်တို့အသင်းအနေနဲ့ အခုလို ဗိုလ်လုပွဲအဆင့် တက်ရောက်နိုင်ခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ဗိုလ်လုပွဲအဆင့်မှာလည်း အကောင်းဆုံးယှဉ်ပြိုင်ပြီး ချန်ပီယံဆု ရယူသွားမှာပါ" ဟု ပြောသည်။

(အပေါ်ဝဲပုံ)

(NGB)

## 2025 ABN Amro Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ Stefanos Tsitsipas တက်ရောက်



**လန်ဒန် ဖေဖော်ဝါရီ ၆**

နယ်သာလန်နိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 ABN Amro Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ ဂရိတင်းနစ်ကစားသမား Stefanos Tsitsipas တက်ရောက်ခဲ့သည်။

အဆိုပါ ဂရိတင်းနစ်ကစားသမား Stefanos Tsitsipas သည် 2025 ABN Amro Open တင်းနစ်ပြိုင်ပွဲ ပထမအဆင့်တွင် ပြင်သစ်တင်းနစ်ကစားသမား Harold Mayot အား ၆-၁၊ ၇-၅ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

2025 ABN Amro Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် ဂရိတင်းနစ်ကစားသမား Stefanos Tsitsipas နှင့် နယ်သာလန် တင်းနစ်ကစားသမား Tallon Griekspoor တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။ (ဝဲပုံ)(NGB)

**ဘောလုံး သတင်း အတို အထွာများ**

* ကိုပါအီတာလီယာဖလား ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက အေစီမီလန်အသင်းနှင့် ရိုးမားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အေစီမီလန်အသင်းက ရိုးမားအသင်းအား သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည်။

* ချဲလ်ဆီးအသင်းသည် စိန့်အက်တီယန်အသင်း ကွင်းလယ်ကစားသမား အာမူဂူအား ခေါ်ယူခဲ့သည်။ (NGB)

## လီဆန်ဒရိုမာတီနက်ဇ် ဒဏ်ရာကြောင့် ကာလရှည်အနားယူရဖွယ်ရှိ

**မန်ချက်စတာ ဖေဖော်ဝါရီ ၆**

မန်ချက်စတာယူနိုက်တက်အသင်း နောက်ခံကစားသမား လီဆန်ဒရိုမာတီနက်ဇ် ဒူးအရွတ်ဒဏ်ရာကြောင့် ကာလရှည်အနားယူရဖွယ်ရှိနေသည်။

အဆိုပါ နောက်ခံကစားသမားသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် မန်ချက်စတာယူနိုက်တက်အသင်းက ခရစ္စတယ်ပဲလေ့စ်အသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား လီဆန်ဒရိုမာတီနက်ဇ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် မန်ချက်စတာယူနိုက်တက်အသင်းအတွက် ကြီးမားသည့် ထိုးနက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။

အသက်(၂၇)နှစ်အရွယ်ရှိ လီဆန်ဒရိုမာတီနက်ဇ်သည် မန်ချက်စတာယူနိုက်တက်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၁ပွဲကစားပြီး ၃ဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။

(အောက်ပုံ)(NGB)




## ရီးရဲလ်မက်ဒရစ်အသင်းသမိုင်းတစ်လျှောက် အသက်အကြီးဆုံး ဂိုးသွင်းသူအဖြစ် မိုဒရစ်မှတ်တမ်းဝင်

**မက်ဒရစ် ဖေဖော်ဝါရီ ၆**




ဝါရင့် ကွင်းလယ်ကစားသမား မိုဒရစ် အသက်(၃၉)နှစ်သည် ရီးရဲလ်မက်ဒရစ်အသင်းသမိုင်းတစ်လျှောက် အသက်အကြီးဆုံး ဂိုးသွင်းသူအဖြစ် စံချိန်မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် စပိန်ဘုရင့်ဖလား ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ရီးရဲလ်မက်ဒရစ်အသင်းက လီဂါနက်စ် အသင်းအား သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန်သွင်းဂိုးတစ်ဂိုး သွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်း ဖြစ်သည်။

ကွင်းလယ်ကစားသမား မိုဒရစ်သည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၁၂-၂၀၁၃ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၆၉ ပွဲကစားကာ ၄၂ ဂိုးထိ သွင်းယူပြီး ခြေစွမ်းပြထားသည်။

မိုဒရစ်က "ကျွန်တော် အခုလို မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို မှတ်တမ်းတွေနဲ့ အသင်းအောင်မြင်မှုများရရှိဖို့ ဆက်လက်ကြိုးစားသွားမှာပါ" ဟု ပြောသည်။

(အပေါ်ပုံ)(NGB)

## လီမီနာအား ဂါလာတာစာရေးအသင်း ခေါ်ယူ

**လန်ဒန် ဖေဖော်ဝါရီ ၆**

ဂါလာတာစာရေးအသင်းသည် ဝုဖ်အသင်း ကွင်းလယ်ကစားသမား လီမီနာအား ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ဂါလာတာစာရေးအသင်းနှင့်အတူ တစ်နှစ်ခွဲ စာချုပ်ချုပ်ဆိုခဲ့သည်။




ကွင်းလယ်ကစားသမား လီမီနာသည် ဝုဖ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၇ ပွဲကစားပြီး ၆ဂိုး သွင်းယူကာ ခြေစွမ်းပြထားခြင်းကြောင့် ဂါလာတာစာရေးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဂါလာတာစာရေးအသင်းသည် ဆောင်းရာသီဈေးကွက်အတွင်းတွင် ကစားသမား ၃ဦးအထိ ခေါ်ယူအားဖြည့်ထားပြီး ဖြစ်သည်။

(ဝဲပုံ)(NGB)

### အင်္ဂလိပ် အက်ဖ်အေဖလား(စတုတ္ထအဆင့်)ပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(အမှတ်ပေးပွဲအဆင့်) | နောက်ဆုံးတွေ့ဆုံမှု |
|---|---|---|---|
| ၈-၂-၂၀၂၅ စနေနေ့ | နံနက် ၀၂:၃၀ နာရီ | မန်ယူ(ပရီးမီးယား-၁၃) – လက်စတာ(ပရီးမီးယား-၁၈) | မန်ယူ ၃-၀ လက်စတာ |

### ၂၀၂၄-၂၀၂၅ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၉) — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန်/နေရာ | ပွဲစဉ်/(ပထမအကျော့ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၇-၂-၂၀၂၅ သောကြာနေ့ | ညနေ ၄:၀၀ နာရီ (ရန်ကုန်ကွင်း) | (၁၂)မြဝတီ – ဒဂုံဗိုလ်(၉) (ဒဂုံဗိုလ် ၂-၁ မြဝတီ) | — |

### ဂျာမန် ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၁)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပထမအကျော့ ရလဒ်) | ယမန်နှစ် ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၈-၂-၂၀၂၅ | (၁)ဘိုင်ယန်မြူးနစ် – ဝဲဒါဘရီမင်(၈) | ဘိုင်ယန်မြူးနစ် ၀-၁ ဝဲဒါဘရီမင် | ဘိုင်ယန်မြူးနစ်(အိမ်) | ၁၀ | ၉ | ၁ | - | ၃၄ | ၉ |
| နံနက်၀၂:၀၀နာရီ | (ဝဲဒါဘရီမင် ၀-၅ ဘိုင်ယန်မြူးနစ်) | ဝဲဒါဘရီမင် ၀-၄ ဘိုင်ယန်မြူးနစ် | ဝဲဒါဘရီမင်(ဧည့်) | ၁၀ | ၅ | ၂ | ၃ | ၂၀ | ၁၉ |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၃)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ၅ ပွဲ ရလဒ်) | ယမန်နှစ် ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၈-၂-၂၀၂၅ | (၆)ဗယ်လက်ကာနို – ဗယ်လာဒိုလစ်(၂၀) | ဗယ်လက်ကာနို ၂-၁ ဗယ်လာဒိုလစ် | ဗယ်လက်ကာနို(အိမ်) | ၁၀ | ၄ | ၃ | ၃ | ၁၆ | ၁၅ |
| နံနက်၀၂:၃၀နာရီ | (ဗယ်လာဒိုလစ် ၁-၂ ဗယ်လက်ကာနို) | ဗယ်လာဒိုလစ် ၀-၁ ဗယ်လက်ကာနို | ဗယ်လာဒိုလစ်(ဧည့်) | ၁၁ | ၁ | - | ၁၀ | ၈ | ၃၂ |

### ပြင်သစ် လီဂူးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၁)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပထမအကျော့ ရလဒ်) | ယမန်နှစ် ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၈-၂-၂၀၂၅ | (၁၄)နန့်တက်စ် – ဘရက်(၈) | နန့်တက်စ် ၀-၂ ဘရက် | နန့်တက်စ်(အိမ်) | ၉ | ၂ | ၄ | ၃ | ၁၁ | ၁၂ |
| နံနက်၀၀း၁၀နာရီ | (ဘရက် ၄-၁ နန့်တက်စ်) | ဘရက် ၀-၀ နန့်တက်စ် | ဘရက်(ဧည့်) | ၁၀ | ၃ | - | ၇ | ၁၀ | ၂၁ |
| ၈-၂-၂၀၂၅ | (၁)PSG – မိုနာကို(၃) | PSG ၅-၂ မိုနာကို | PSG(အိမ်) | ၁၀ | ၈ | ၂ | - | ၂၇ | ၈ |
| နံနက်၀၂း၃၅နာရီ | (မိုနာကို ၂-၄ PSG) | မိုနာကို ၀-၀ PSG | လန်းစ်(ဧည့်) | ၉ | ၄ | ၂ | ၃ | ၁၅ | ၁၀ |

# မန္တလေးမြို့အခြေစိုက် အိန္ဒိယနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်(MIIT) မန္တလေးမြို့ စာကြည့်တိုက်အတွက် စာအုပ်များလှူဒါန်းခြင်း (India Corner)ဖွင့်ပွဲ ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၆**

မန္တလေးမြို့ အခြေစိုက် အိန္ဒိယနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်(MIIT) မန္တလေးမြို့ စာကြည့်တိုက်အတွက် စာအုပ်များလှူဒါန်းခြင်း (India Corner)ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ အဆိုပါ တက္ကသိုလ်စာကြည့်တိုက်ဌာနတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်း တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ မန္တလေးမြို့အခြေစိုက် အိန္ဒိယနိုင်ငံ ကောင်စစ်ဝန်ရုံး ကောင်စစ်ဝန်ချုပ် H.E. Mr.Sundeep Kaushel နှင့် အဖွဲ့ဝင်များ၊ မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ် (MIIT)ပါမောက္ခချုပ် ဒေါက်တာဝင်းအေး၊ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခဌာနမှူး၊ ဆရာ၊ ဆရာမများ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့တော်ဝန်၊ ကောင်စစ်ဝန်ချုပ်နှင့်အဖွဲ့ဝင်များအား မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများက ကြိုဆိုနှုတ်ဆက်ကြပြီးနောက် စာကြည့်တိုက်ဌာနခန်းမတွင် အခမ်းအနားကို ဆက်လက်ကျင်းပရာ မြို့တော်ဝန်က India Corner ဖွင့်လှစ်နိုင်ခြင်းနှင့်ပတ်သက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကိုယ်စား အိန္ဒိယသမ္မတနိုင်ငံတော်အား ကျေးဇူးတင်ရှိပါကြောင်း ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဆက်လက်၍ အိန္ဒိယနိုင်ငံ ကောင်စစ်ဝန်ချုပ် H.E.Mr.Sundeep Kaushel က မိတ်ဆက်စကားနှင့် ဒုတိယအကြိမ်မြောက်အဖြစ် မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်(MIIT)သို့ စာအုပ်များ လှူဒါန်းရခြင်း အကြောင်းတို့ကို ပြောကြားသည်။ ယင်းနောက် ပါမောက္ခချုပ် ဒေါက်တာဝင်းအေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ထို့နောက် မြို့တော်ဝန်၊ ကောင်စစ်ဝန်ချုပ်နှင့် ပါမောက္ခချုပ်တို့က စာကြည့်တိုက်ဌာနအတွင်းရှိ "India Corner"အား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီးနောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်




ကြသည်။ ဆက်လက်၍ မြို့တော်ဝန်၊ ကောင်စစ်ဝန်ချုပ်နှင့်အဖွဲ့ဝင်များသည် အဆိုပါ India Corner ရှိ စာအုပ်များ၊ တက္ကသိုလ်စာကြည့်တိုက်အတွင်း၌ ကျောင်းသား၊ ကျောင်းသူများ ဘာသာရပ်အလိုက် ဖတ်ရှုလေ့လာသင်ယူနိုင်ရန် စာအုပ်များ စနစ်တကျထားရှိမှုနှင့် ငှားရမ်းမှုစနစ်တို့ကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀-၀

# သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးသွားသည့် ကျေးလက်လမ်းလုပ်ငန်းများ ပြုပြင်ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



**ဇေယျာသီရိ ဖေဖော်ဝါရီ ၆**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင်၊ ဇေယျာသီရိမြို့နယ်အတွင်း သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးသွားသည့် လမ်းများ ပြုပြင်တည်ဆောက်ခြင်း လုပ်ငန်းခွင်များသို့ ယမန်နေ့ မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနေဦးက တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်တာဝန်ခံအင်ဂျင်နီယာများနှင့်အတူ လမ်းပြုပြင်တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး၊ အချိန်မီ ပြီးစီးစေရေး အလေးထားဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း ဥတ္တရခရိုင်၊ ဇေယျာသီရိမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

**(ဝံ့ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

# အမှတ်(၂)ရပ်ကွက်တွင် မေမြို့ပန်း စိုက်ပျိုးခြင်းဖြင့် မိသားစုအပိုဝင်ငွေ ရရှိ

**ဆင်ပေါင်ဝဲ ဖေဖော်ဝါရီ ၆**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့ အမှတ်(၂)ရပ်ကွက်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီအတွင်း မိုးအစိုဓာတ်၊ မြေအောက်ရေများ အသုံးပြုပြီး ဆောင်းသီးနှံ မေမြို့ပန်းများ စိုက်ပျိုးရောင်းချရာတွင် အောင်မြင်ဖြစ်ထွန်း၍ မိသားစု အပိုဝင်ငွေရရှိနေသည်။

ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မေမြို့ပန်း (၀ ဒသမ ၃၀)ဧက စိုက်ပျိုးထားကြောင်း၊ ယခင်နှစ်မှာ ပန်းမျိုးစေ့ချန်ထားပြီး စိုက်ပျိုးခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးမှုစနစ်ကတော့ ရေလောင်းဖို့ သင့်တော်တဲ့ ကျင်းပေါင်ကို ၁၅ ပေ၊ ၃ပေခန့် ပြုလုပ်ရကြောင်း၊ မေမြို့ပန်းစိုက်ပျိုးရန်အတွက် မြေဩဇာအဖြစ် နွားချေး၊ ပုလဲမြေဩဇာ၊ ရွက်ဖျန်းဆေးများသုံးပြီး စိုက်ပျိုးရကြောင်း၊ နွားထယ်တစ်ရှဉ်းကို ငွေကျပ် ၇၀၀၀နှုန်း ပေးရကြောင်း၊ (၀ ဒသမ ၃၀) ဧကကို နှစ်ပုလင်း စိုက်ပျိုးထားကြောင်း၊ မေမြို့ပန်းတစ်ပင်လျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် အပင်အပေါ်မှုတည်၍ ရောင်းချရကြောင်း၊ ယခုနှစ်တွင် ယခင်နှစ်ထက် မေမြို့ပန်း စိုက်ပျိုးတောင်သူနည်းပါးသောကြောင့် ဈေးကောင်းရရှိ၍ မိသားစု စားဝတ်နေရေးအဆင်ပြေလျက်ရှိကြောင်း အမှတ်(၂)ရပ်ကွက်ရှိ တောင်သူ ဒေါ်သန်းသန်းစိုးက ပြောသည်။ **(အောက်ပုံ)**

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**



# ဆောင်းမတ်ပဲ အသစ်တစ်တင်း တစ်သိန်းအောက်သာရရှိသောကြောင့် တောင်သူများ အရှုံးပေါ်နေ

ဧရာဝတီတိုင်းနှင့်ပဲခူးတိုင်းဒေသကြီးတို့မှာ ရိတ်သိမ်းနေသည့် ဆောင်းမတ်ပဲအသစ် ပိဿာ ၂၀ တစ်တင်းကို တစ်သိန်းအောက်သာ ရရှိ၍ တောင်သူများအရှုံးပေါ်နေကာ ငွေကျပ် ၁၅၀၀၀၀ ဝန်းကျင်ရရှိမှ သာ တောင်သူများ အကျိုးအမြတ် ရရှိပြီး တွက်ခြေကိုက်မှာဖြစ် ကြောင်း တောင်သူများထံက သိရသည်။

သို့သော်လည်း လက်ရှိ ပြည်တွင်း ပဲမျိုးစုံဈေးကွက်မှာ မတ်ပဲ ပိဿာ ၂၀ တစ်တင်းကို ငွေကျပ် ၉၃၀၀၀-၉၄၀၀၀ သာ ရှိတာကြောင့် တောင်သူတွေ အရှုံးနဲ့ရင်ဆိုင်နေရတယ်လို့ သိရသည်။

"ဒီနှစ် အကုန်လုံးဈေးနှုန်းမြင့်လို့ကုန်ကျစရိတ်ကြီးတဲ့နှစ်ကျမှ မတ်ပဲဈေးက ကျနေတယ်။ ကျွန်တော်တို့ တစ်တင်းကို ငွေကျပ် ၁၅၀၀၀၀ ရမှကိုက်မယ်။ အခုက တစ်တင်း တစ်သိန်းတောင် မပြည့်တော့ရှုံးနေပြီဗျာ" လို့ မတ်ပဲစိုက်တောင်သူတစ်ဦးက ပြောသည်။

ယခုနှစ် ဆောင်းမတ်ပဲ စိုက်ပျိုးမှုမှာ စိုက်ပျိုးရေးသွင်းအားစုဆေးတွေ သုံးစွဲရမှုများပြီး ဈေးနှုန်းကလည်း အရင်နှစ်နဲ့ ယှဉ်ရင် ထက်ဝက်လောက် မြင့်တက်လာခြင်း၊ လယ်ထွန်ယက်ခနဲ့ ပဲမျိုးအပါအဝင်အထွေထွေ စိုက်ပျိုးမှုကုန်ကျစရိတ်တွေ မြင့်တက်လာတာကြောင့် မတ်ပဲ ပိဿာ ၂၀ တစ်တင်းကို ငွေကျပ် ၁၅၀၀၀၀ ရမှသာ အဆင်ပြေမှာဖြစ်တယ်လို့ သိရသည်။

"၉၀၀၀၀ ကျော်ဆို ရှုံးတယ်ဗျာ။ ငွေကြေးရှိလို့ လှောင်ထားနိုင်ရင်တော့ အရှုံးသက်သာမယ်။ လှောင်မထားနိုင်ဘဲ ရောင်းမှကိုဖြစ်မဲ့ လယ်သမားကတော့ ရှုံးတာပေါ့။ မနှစ်က ပဲစပေါ်ချိန်မှာဆို တစ်သိန်းကို ကျော်တယ်။ အခုတော့ အရင်နှစ်ဈေးတောင် မမီဘူး" ဟု မတ်ပဲစိုက်တောင်သူတစ်ဦးက ပြောသည်။

လက်ရှိမှာ မတ်ပဲ FAQ / RC တစ်တန်လျှင် ၂၉၃၅၀၀၀၀ ကျပ်သာရှိပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ပထမပတ်တုန်းက မတ်ပဲ FAQ /RC တစ်တန်ကို ငွေကျပ် ၄၄၄၅၀၀၀ အထိပင် ရှိခဲ့သည်။

ဆောင်းမတ်ပဲကို ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးမှာ အဓိက အများဆုံး စိုက်ပျိုးပြီး လက်ရှိမှာ ပဲတွေရိတ်သိမ်းနေ ကြကာ ပြည်တွင်းဈေးကွက် အတွင်း ဆောင်းမတ်ပဲအသစ်များ ဝင်ရောက်နေပြီဖြစ်သည်။

မတ်ပဲကိုတော့ ပြည်ပတင်ပို့မှုအနေဖြင့် အိန္ဒိယနိုင်ငံကိုသာ အဓိက တင်ပို့ရတာဖြစ်ပြီး အိန္ဒိယက ဝယ်လိုအားနည်းပါက ပြည်တွင်းမှာပါ ပဲဈေးကျတတ်ပြီး အိန္ဒိယက ပဲလိုအပ်ချက်များပြီး ဝယ်လိုအားများရင်တော့ မတ်ပဲဈေးကွက် မြင့်တက်လေ့ရှိကြောင်း သိရသည်။



**(ဝံ့ပုံ)**

**ရွှေမန်း**



## ပို့ကုန်ပဲများ ဈေးကျဆင်းမှုရပ်သွားပြီး အရောင်းအဝယ်ပြန်ကောင်းလာ

ပို့ကုန်မတ်ပဲနှင့် ပဲစင်းငုံ ဈေးကျဆင်းမှုရပ်သွားပြီး ဈေးအနည်းငယ် ပြန်လည်မြင့် တက်လာကြောင်း ပဲ၊ နှမ်းကုန်သည်များထံက သိရသည်။

ယခင်ရက်များက ပို့ကုန်ပဲဈေးများ ကျဆင်းမှုရပ် တန့်သွားပြီး အတက်ဈေးတန်းကို ပြန်ဖြစ်လာကြောင်း လက်ရှိမှာ ဈေးကျဆင်းမှုများကြောင့် တောင်သူကလည်းစောင့်ရောင်း၊လှောင်လက်သမားကလည်း စောင့်ဝယ်နေသည့် အခြေအနေဖြစ်ကြောင်း ပဲကုန်သည်များက သုံးသပ်ထားသည်။

ပို့ကုန်မတ်ပဲနှင့် ပဲစင်းငုံဈေးကျဆင်းမှုများကြောင့် အရောင်းအဝယ် အေးသွားပြီး ဖေဖော်ဝါရီ ၆ရက် နံနက်ဈေးကွက်အဖွင့်မှာတော့ ဈေးကျဆင်းမှုရပ်တန့်သွားပြီး ဈေးအနည်းငယ်ပြန်တတ်လာကြောင်း၊ စားသုံးဆီဈေးကွက်အတွင်း စားအုန်းဆီများပြားနေသောကြောင့် မြေပဲဆန်များ ဝယ်ယူကြိတ်ခွဲနိုင်မှုနည်းပါးကြောင်း မြေပဲလုံးဆန်များ အနည်းငယ် ဈေးကျဆင်းနေကြောင်း ပဲကုန်သည် ဦးဆန်းထွန်းလွင်က ပြောသည်။

"မတ်ပဲ၊ပဲစင်းငုံ FOB ဈေး တစ်တန် အမေရိကန်ဒေါ်လာ ၇၁၅-၇၂၀ နဲ့ အရောင်းအဝယ် ပြန်ဖြစ်ပါတယ်။ FOB ပေါက်ဈေးအရ မန္တလေးပဲဈေးကွက်မှာ ဈေးကျဆင်းမှုရပ်ပြီး ဒီနေ့ နံနက်အရောင်းအဝယ် ပြန်သွက်လာပါတယ်။ သုံးတင်းတစ်အိတ်ကို ငွေကျပ် ၂၇၀၀၀၀ ဈေးပတ်လည်ကနေ မကျဆင်းနိုင်တော့ဘူးလို့ ခန့်မှန်းပါတယ်။ မတ်ပဲလည်း ပုံမှန်ဈေးပြန်ဖြစ်လာမှာပါ။ လက်ရှိဈေးက တောင်သူအရင်းဈေးနားကပ်နေတော့ တောင်သူမကိုက်ဖြစ်နေပါတယ်။ အိန္ဒိယက ပဲဝယ်လိုအားက ထိန်းဝယ်နေတာမျိုးဖြစ်နေပါတယ်" ဟု ၎င်းက ပြောသည်။

နှမ်းမျိုးစုံဈေးကွက်မှာ ပစ္စည်းအဝင်နည်းသွားပြီး ပုံမှန်အရောင်းအဝယ်ဖြစ်နေကြောင်း အက်စစ်လွတ်နှမ်းများမှာ ထိပ်စဈေးကောင်းရရှိနေကြောင်း ဈေးနှုန်းအတက်အကျနည်းကြောင်း နှမ်းကုန်သည်တစ်ဦးက ပြောသည်။

ဖေဖော်ဝါရီ ၆ ရက်တွင် ပို့ကုန် မတ်ပဲ(အသစ်)တစ်အိတ်လျှင်ငွေကျပ် ၂၈၀၀၀၀၊ ပဲစင်းငုံမှာ ပဲနှမ်းဈေးကွက်အတွင်း စတင်ဝင်ရောက်လာရာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၇၃၀၀၀ ခန့် ပေါက်ဈေးရှိနေသည်။ ပဲတီစိမ်း(အညာ)တစ်အိတ်လျှင် ငွေကျပ် ၂၉၀၀၀၀ ပေါက်ဈေး ရှိနေသည်။

အသစ်ဝင် ပဲမာလိုင်းများမှာ ပဲလွန်းဖြူပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၅၅၀၀၀၊ ပဲလွန်းပြာ ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၁၅၀၀၀၊ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၂၉၅၀၀၀၊ ပဲထောပတ် တစ်အိတ်လျှင် ငွေကျပ် ၃၈၀၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀၀၊ မြေပဲလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၉၅၀၀-၉၆၀၀ ပေါက်ဈေးရှိနေသည်။

နှမ်းမျိုးစုံမှာ ဈေးကွက်မှာ ဖေဖော်ဝါရီ ၆ ရက်တွင် နှမ်းနက်(စမုန်)အက်စစ်လွတ်ထိပ်စ တစ်အိတ်လျှင် ငွေကျပ် ၇၁၀၀၀၀-၇၁၅၀၀၀၊ အက်စစ်မလွတ် ၆၈၅၀၀၀-၆၉၀၀၀၀ ပေါက်ဈေးရှိနေပြီး ဈေးကွက်အတွင်း နှမ်းမျိုးစုံ ဝင်ရောက်မှု နည်းပါးသွားကြောင်း သိရသည်။

(အပေါ်ပုံ) ရွှေမန်း

## KG ကျောင်းသား၊ ကျောင်းသူများအား (ဒုတိယအကြိမ်) ကျောင်းတွင်း အာဟာရကျွေးမွေးခြင်းလုပ်ငန်းများ ဆောင်ရွက်

**စဉ့်ကိုင် ဖေဖော်ဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ မြို့နယ်အခြေခံပညာရေးဦးစီးဌာနတို့ ပူးပေါင်း၍ (၂၀၂၄-၂၀၂၅)ပညာသင်နှစ် KG ကျောင်းသား၊ ကျောင်းသူများအား (ဒုတိယအကြိမ်) ကျောင်းတွင်း အာဟာရကျွေးမွေးခြင်းကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၁၀နာရီက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအေးလွင်နှင့် ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာမကြီးများနှင့် ဆရာမများက အ.ထ.က(စဉ့်ကိုင်)၊ အ.လ.က(ခွဲ)(တရုတ်စု)၊ အ.မ.က(ရန်နိုင်)၊ အ.မ.က(မြို့မ)ကျောင်းများရှိ KG ကျောင်းသား ၄၁ ဦး၊ ကျောင်းသူ ၄၅ ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူဦးရေ ၈၆ ဦးတို့အား ထမင်း၊ ကြက်သားဟင်း၊ ပဲရာဇာဟင်းနှင့် ငှက်ပျောသီးများ ကျွေးမွေးခဲ့ကြကြောင်း သိရသည်။(၃၉၉)



## (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ၂၀၂၅ ခုနှစ်၊ (၂၁)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲ ကျင်းပမည်

(၂၁)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲကို ၇၈ လမ်းနှင့် သိပ္ပံလမ်းထောင့်၊ ဆင်ဖြူကန်ကွင်းအရှေ့ဘက်ခြမ်းနေရာတွင် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂)ရက်နေ့မှ (၁၅)ရက်နေ့ထိ ကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲတွင်

(၁) ပန်းအလှပြုပြင်ခြင်းပြိုင်ပွဲ
(၂) ပန်းအလှပင်ပြိုင်ပွဲ
(၃) ရာသီပန်းအလှပင်ပြိုင်ပွဲ
(၄) အရွက်အလှပင်ပြိုင်ပွဲ
(၅) ရွက်လှပင်ပြိုင်ပွဲ
(၆) ပြည်တွင်းသစ်ခွပြိုင်ပွဲ
(၇) ပြည်ပသစ်ခွပြိုင်ပွဲ(ကတ်တလီးယားပြိုင်ပွဲ)
(၈) ပြည်ပသစ်ခွ(စင်ဘီးဒီးယမ်းပြိုင်ပွဲ)
(၉) ပြည်ပသစ်ခွ(ဗန်ဒါပြိုင်ပွဲ)
(၁၀) နှင်းဆီပင်အမျိုးမျိုးပြိုင်ပွဲ
(၁၁) ရှားစောင်းပင်ပြိုင်ပွဲ
(၁၂) သက်ကြီးပုပင်(ဘွန်ဆိုင်း)ပြိုင်ပွဲ
(၁၃) အသီးပါသည့် အလှအပင်ပြိုင်ပွဲ
(၁၄) ဟင်းသီးဟင်းရွက် အရွက်ပြိုင်ပွဲ (ဥပမာ-မုန်ညင်းရွက်)
(၁၅) ဟင်းသီးဟင်းရွက် အထုပ်ပြိုင်ပွဲ (ဥပမာ-ဂေါ်ဖီထုပ်၊ ပန်းမုန်လာထုပ်)
(၁၆) ဟင်းသီးဟင်းရွက် အသီးပါအပင်ပြိုင်ပွဲ (ဥပမာ-ခရမ်း၊ ငရုတ်)
(၁၇) ဟင်းသီးဟင်းရွက် ဥပြိုင်ပွဲ (ဥပမာ-မုန်လာဥ)
(၁၈) သစ်သီးပြိုင်ပွဲ (ဥပမာ-သဘော်သီး၊ ဖရဲသီး)
(၁၉) ဟင်းသီးအသီး အလုံးလိုက်ပြိုင်ပွဲ (ဥပမာ-ဘူးသီး)
(၂၀) သစ်သီးဝလံအခိုင်လိုက်ပြိုင်ပွဲ (ဥပမာ-ငှက်ပျောခိုင်၊ အုန်းသီးခိုင်)
(၂၁) သစ်သီးဝလံဥပြိုင်ပွဲ(ဥပမာ-စိမ်းစားဥ၊ ကန်စွန်းဥ၊ ဝဥ၊ မျောက်ဥ)
(၂၂) ဟင်းသီးအသီးအနှံအတွဲလိုက်ပြိုင်ပွဲ (ဥပမာ-ခရမ်းချဉ်သီး)
(၂၃) သစ်သီးပုံဖော်အလှဆင်ခြင်းပြိုင်ပွဲ

ပြိုင်ပွဲအမျိုးအစားအားလုံးအတွက် ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆု(၃)ဆု ချီးမြှင့်မည် ဖြစ်ပါသည်။ ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်များအား ဆင်ဖြူကန်ကွင်းအရှေ့ဘက်ခြမ်း ကွပ်ကဲရေးရုံးသို့ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၀)ရက်နေ့ ရုံးချိန်အတွင်း ပေးပို့ရမည်။ ပန်းအလှပြုပြင်ခြင်းနှင့် သစ်သီးပုံဖော်အလှဆင်ခြင်း ပြိုင်ပွဲများအတွက် ပြိုင်ပွဲဝင်ပစ္စည်းများကို ဖေဖော်ဝါရီလ(၁၁)ရက်နေ့ နံနက်(၁၁)နာရီအထိ လက်ခံဆောင်ရွက်ပေးပါမည်။ အသေးစိတ်အချက်အလက်များကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန၊ ဖုန်း(၀၉-၉၈၂၁၁၁၁၁၁၊ ၀၉-၂၅၉၀၈၀၇၅၇)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## လွိုင်လင်မြို့တွင် ချယ်ရီပန်းများ ဝေဝေဆာဆာဖူးပွင့်လျက်ရှိ

**လွိုင်လင် ဖေဖော်ဝါရီ ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့တွင် ဇန်နဝါရီလ အစောပိုင်းကတည်းက ချယ်ရီပန်းလေးများ စတင်ဖူးပွင့်လာပြီး ပြုစုထိန်းသိမ်းကြရန် လိုအပ်ကြောင်း မြို့ခံများထံမှ သိသည်။

ချယ်ရီပန်းများသည် ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း ၃၀၀၀နှင့် ပေ ၄၀၀၀ကျော် ရှိသော တောင်ပေါ်ဒေသများတွင်သာ ပွင့်သော အအေးကြိုက် တောင်ပေါ်ပန်းတစ်မျိုးဖြစ်ပြီး မြေပြန့်ဒေသတွင် ရှင်သန်ပေါက်ရောက်ခြင်းမရှိကြောင်း သိရသည်။

ဂျပန်နိုင်ငံတွင် ချယ်ရီပန်းပွင့်ချိန် ကာလပန်းကြည့်ပွဲတော်ကျင်းပသကဲ့သို့ပင် လွိုင်လင်မြို့တွင်လည်း ချယ်ရီပန်းပွင့်ချိန် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အထောက်အကူပြုနိုင်သဖြင့် ချယ်ရီပန်းပင်များကို ပြုစုထိန်းသိမ်းကြရန် လူငယ်များကို အသိပညာပေးဆောင်ရွက်ရန် လိုအပ်ကြောင်း အဖြူရောင်လူငယ် ပရဟိတအသင်းမှ ဦးရဲဇာနည်က ပြောကြားခဲ့သည်။

လွိုင်လင်မြို့တွင် ချယ်ရီပန်းပင်များကို အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းရှေ့တွင်လည်းကောင်း၊ အ.ထ.က(၁)ကျောင်းသွားလမ်းတွင်လည်းကောင်း၊ မြို့ပြင်လမ်းဘေးများတွင် ပေါက်ရောက်နေသည်ကို တွေ့ရသည်။

ရှမ်းပြည်နယ်တောင်ပိုင်းတွင် တောင်ကြီးမြို့၊ ပင်လောင်းမြို့၊ လွိုင်လင်မြို့တို့တွင် ချယ်ရီပန်းလေးများ ဖူးပွင့်လာကြပြီး ရှမ်းအရှေ့ပိုင်း ကျိုင်းတုံမြို့တွင်လည်း ချယ်ရီပင်များ ပွင့်နေပြီဖြစ်ကြောင်း သိရသည်။

(ဓါတ်ပုံ)

မြို့နယ်(ပြန်/ဆက်)

# ထမနဲပွဲ ဆင်နွှဲပျော်ကြ တပို့တွဲလ

မြန်မာရိုးရာ ဆယ့်နှစ်လရာသီပွဲတော်များသည် ရှေးရှေးကမြေရှင်ပဒေသရာဇ်ကတည်းက ဘုရင်မင်းမြတ်နှင့်အတူ တိုင်းသူပြည်သားများက မင်းနေပြည်တော်မှစ၍ ကျေးလက်တောရွာများအထိ ကျယ်ကျယ်ပြန့်ပြန့် ကျင်းပပြုလုပ်ခဲ့ကြသည်မှာ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များ ဖြစ်ကြသည်။

ရှေးမြန်မာဘုရင်များလက်ထက် ပုဂံခေတ်ကျောက်စာများတွင် တပို့တွဲလအမည်ကို 'တပိုလ်တွယ်' 'တပိုင်တွယ်' 'တပို့တွယ်' 'တပို့တွဲ'စသည်ဖြင့် ရေးထိုးခဲ့ကြ၏။ 'တပို့'သည် 'ထမ်းပို့'ဟူ၍ အနက်ရကာ'တွဲ' 'မှာ' ချိတ်ဆွဲထားခြင်းဟု အဓိပ္ပာယ်ရှိ၏။ ရှေးအခါက တောင်သူဦးကြီးများသည် လယ်ယာလုပ်ငန်းပြီးစီးသည့်လဖြစ်၍ လယ်ယာသုံးပစ္စည်းကိရိယာများကို ချိတ်ဆွဲသိမ်းဆည်းထားသည်'ဟု မြန်မာပညာရှင်များက တွေးမြင်ယူဆကြပါသည်။

ထို့အပြင်တပို့တွဲ၊ တပေါင်း၊ တန်ခူးရာသီဥတု သုံးလတွင် 'တ' ကို 'ထန်း'ဟု အနက်ဖွင့်ကြ၏။ တပို့တွဲလသည် ထန်းဖူးထန်းခိုင်အဓိပ္ပာယ်သက်ရောက်ပြီး'တွဲ'မှာ အောက်သို့ကိုင်းညွှတ်ဆွဲဆိုင်းအောင်တွဲကျစေရန် ပြုပြင်ခြင်းဟုအနက်ဖွင့်ဆိုကြ၏။ ထို့ကြောင့် တပို့တွဲကို ထန်းဖူးထန်းခိုင်ထန်းလက်များ အောက်သို့ကိုင်းကာ တွဲလျားကျနေသောကာလ' ထန်းရည်နင်းလ ဖြစ်သည်ဟုလည်း ယူဆခဲ့ကြ၏။

ဗုဒ္ဓမြတ်စွာဘုရားသည် ဘုရားပွင့်တော်မူပြီး ၉ လ မြောက် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် တပို့တွဲလပြည့်နေ့တွင် သံဃာတော်များအား ဩဝါဒပါတိမောက်ဒေသနာတရားကို ဩဝါဒပေးတော်မူ၏။ ဗုဒ္ဓသံဃာတော်များက ထိုနေ့ ကို ဩဝါဒပါတိမောက်အခါတော်နေ့'အဖြစ်သတ်မှတ်ပူဇော်ကြသည်။

တပို့တွဲလ နံနက်အရုဏ်မတက်မီအချိန်တွင် တန်ခိုးကြီးဘုရားစေတီ ရင်ပြင်များပေါ်တွင် ထင်းမီးများစုပုံ၍ မီးပုံပွဲ သဘင်ဆင်ယင်ပူဇော်ကန်တော့ကြပါသည်။ ထိုမီးပုံပွဲများအနက် မန္တလေးမြို့ ရှေးဟောင်းသမိုင်းဝင် မဟာမုနိရုပ်ရှင်တော် ဘုရားရင်ပြင်မှာ တပို့တွဲလပြည့်နေ့ မိုးသောက်ယံအချိန်မှာ ဆီမီးပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာ ပူဇော်ကျင်းပကြပါသည်။

ကုမ်ရာသီ တပို့တွဲလတွင် အေးချမ်းသည့်နှင်းမှုန်များကြားတွင် မြန်မာတို့သည်'ယာဂု'ခေါ် 'ထမနဲ'ထိုးပွဲများကျင်းပကြ၏။ ကောက်ဦးပေါ် ဦးပေါ်ဖျား ထမနဲ(နှမ်းမနဲ)အလှူပွဲများကို ကျင်းပကြသည်။ မြတ်စွာဘုရားကိုရည်မှန်း၍ အနှေးခေတ်ဖြင့် ပူဇော်ပွဲ မီးပုံပွဲသဘင်ကိုလည်း ဆင်ယင်ကျင်းပကြ၏။

'ယာဂု'ဆိုသည်မှာ ပါဠိဘာသာစကားဖြစ်၏။ ရှေးယခင်က'ယာဂု'ဟု ခေါ်ဆိုခဲ့ကြသော်လည်း ခေတ်ကာလရွေ့လျား၍ 'ထမနဲ'ဟူ၍ ခေါ်ဆိုလာခြင်းဖြစ်ပါသည်။ ယာဂု(ထမနဲ)ထိုးသည့်အခါပါဝင်သောပစ္စည်းများမှာ ကောက်ညှင်းဆန်၊ မြေပဲ၊ နှမ်း၊ ဆီ၊ ဂျင်း(ချင်း)၊ အုန်းသီး စသည်တို့ ရောနှော ၍ ကျိုချက်ထိုးရသော မြန်မာရိုးရာစားဖွယ်ဖြစ်၏။

'တပို့တွဲနှဲ့၍ ရွာခြင်းသန်းမိုးကြွင်း' ဟူသော စကားမှာ မိုးရာသီလွန်မြောက်၍ ဆောင်းရာသီကုန်ဆုံးကာနီးသော်လည်း မိုးကြွင်းမိုးကျန်လေးများ ရွာသွန်းတတ်ပါသည်။ တပို့တွဲလသည် ပေါက်ပန်းတို့လည်း ပွင့်ကာမြူးခိုး၊ မြူမှုန်ပြာရီလဲ့ နှင်းဝင်းပနေသည်။ ကျေးငှက်သာသကာတို့သည်လည်း ပေါက်လဲပန်းဝတ်ရည်များကို စုပ်၍ပျော်ရွှင်ဆူညံနေကြသည်။ ဗုဒ္ဓဘာသာဝင်အပေါင်းတို့ကလည်း ယာဂု(ထမနဲ)ပွဲများဖြင့် ဆက်ကပ်လှူဒါန်းကြပါသည်။ 'ပေါက်လဲရယ်တဲ့ပွင့်စီစီ ဝတ်ပန်းသူရာ ရေကြောင့် ဆက်ရက်သံစုံကျူးကြတယ်'မြူးတဲ့ရာသီ ငွေသော်တာကြယ်မာဃယံနှင့် ထွန်းလျှံပပြည့်ခါညီပြာရီလဲ့ မြူခိုးယာဂုဖွဲ့ကိုတဲ့ လှူမြဲအလွန်ရွှင်လို့ ခုနှစ်စဉ်တာရာလျှမ်းသည်နှင့် ဆုံးပန်းတွေ ဝေဝေပွင့်ကြတယ် ထူးတင့်မညိုး'ဟူ၍ ဆရာကြီးဦးပြုံးချိုက ဖွဲ့ဆိုခဲ့ပါသည်။

တပို့တွဲလတွင် ပေါက်ပန်းနှင့် လဲပန်းတို့ နီနီရဲရဲဖြင့် တစ်ပင်လုံးကမ္ဗလာဝတ်ရုံခြုံထားသကဲ့သို့ ဖူးပွင့်ကြပါသည်။ ထိုပေါက်ပန်းနှင့် လဲပန်းသည် တစ်ပင် စီဖြစ်၏။ ပေါက်ပင်ကပွင့်သောပန်းကို ပေါက်ပန်းဟုခေါ်၏ လက်ပံပင်ကပွင့်သောပန်းကို လက်ပံပန်းဟုမခေါ်ဘဲ လဲပန်းဟု ခေါ်ကြ၏ အကြောင်းမူကား လက်ပံသီးမှ 'လဲ' ကိုရသောကြောင့် ဖြစ်၏။ ထို့ကြောင့် လက်ပံပင်ကိုလဲပင်ဟုခေါ်သကဲ့သို့ လက်ပံပန်းကို လဲပန်းဟု ခေါ်ဝေါ်ကြခြင်း ဖြစ်၏။

တပို့တွဲလ အေးချမ်းသောလကိုအကြောင်းပြု၍ ဆက်စပ်သော စာ၊ ကဗျာ၊ အလင်္ကာများလည်း ပေါ်ပေါက်ခဲ့ပါသည်။ ထို စာ၊ ကဗျာ၊ အလင်္ကာများအနက် လွမ်းချင်း(ခေါ်)လွင့်သံစာပေသည်ပို၍ များသကဲ့သို့ စာသားများက ပို၍ပြောင်မြောက်လှပါသည်။

'ရွှေယုဂန်နန်းညိုမြက စန်းခိုလျှံလူ

ချမ်းဆိုမျှစံမတူသည့် သယမ္ဗူသော်မှ မီးမယ်ဖျူးရွှေလက်တင်သည့် ရေစက်တွင်အေးတဲ့သည်လ' ဟူ၍တပို့တွဲလ၏အေးမြပုံကို စာဆိုတော်ဦးကြော့ကရေးဖွဲ့သီကုံးခဲ့ပါသည်။

မြန်မာစာပေလောကတွင် ထိုလွမ်းချင်း(ခေါ်)လွင့်သံစာပေများကို ရေးဖွဲ့သီကုံးခဲ့ကြသော စာဆိုတော်ကြီးများမှာမဟာအတုလမင်းကြီး (ရာသီဘွဲ့များ) ဦးကြင်ဥ၊ ဖိုးသူတော်ဦးမင်း၊ စလေဦးပုည၊ လှိုင်ထိပ်ခေါင်တင်၊ ဦးကြော့၊ ဝေမျှူးကြီး၊ ဦးဖြိုး၊ အချုပ်တန်းဆရာဖေ၊ ဖိုးဝဇီရ၊ မြို့စာရေးဦးဆာ၊ ဝန်စာရေးဦးရွှေတောင်စသည်ဖြင့် စာဆိုပုဂ္ဂိုလ်များစွာရှိခဲ့ကြောင်း ရှေးစာပေပညာရှင်ကြီးများ၏ စာ၊ ကဗျာ၊ အလင်္ကာများကို ဖတ်ရှုလေ့လာမှတ်သား သိရှိရပါသည်။

မြန်မာတိုင်းရင်းသားလူမျိုးစုတိုင်းတွင် ကောက်သစ်စားပွဲများ ရှိသကဲ့သို့ မြန်မာ(ဗမာ)လူမျိုးတို့၏ ကောက်သစ်ပွဲတော်သည် တပို့တွဲလဖြစ်ပါသည်။ ကောက်ညှင်းဆန်၊ မြေပဲ၊ နှမ်း ကောက်သစ်ပေါ်ချိန်ဖြစ်သောကြောင့် ဆီ၊ အုန်းသီးများဖြင့် ရောနှော၍ အားကောင်းမောင်းသန်သော ယောကျ်ားကြီးများက ဦးဆောင်ထိုးသောထမနဲကို မြတ်စွာဘုရားကိုရည်မှန်း၍ ဆက်ကပ်ပူဇော်ခြင်း မိသားစု မိတ်ဆွေ အပေါင်းအသင်း၊ သူငယ်ချင်းများ အချင်းချင်း အပြန်အလှန် ပေးကမ်းဝေငှ-လှူဒါန်းခြင်းများကို ပြုလုပ်ကြပါသည်။

'ကုမ်ရာသီ မာသ သဘာဝရှင်စွာ ထာဝရစဉ်လာများသူငါခြိမ့်သဲ၊ ညာဇဗ္ဗူ သာဓုခေါ်အောင် ယာဂုကြိုဆောင်သည့်ပွဲ စားတော်ရဆန်ပေါက် ဝါလေးပြည်သာထည့်၊ ချိန်ပိဿာလျှံကြည်ရွှဲအောင်လို့ နှမ်းဆီလည်း ထည့်ပြန်၊ မြေပဲဆန်အဌ၊ သုညယ်နှင့် ဒွတ္တိသတိလဇီဖံ၊ အုန်းသီးစိတ်၊ ကျပ်ဝီသံငယ်၊ လောဏတဲ့ချိန်သတ်နှင့် ချင်း(ဂျင်း)နဖတ်သိဂီမျှင်ရွှေ သုံးကျပ်မသွေ၊ နည်းစဉ်ဆက်သမုဆွေငယ် ဥပဒေမော်ကွန်းပလော့'

ဤတေးထပ်၏ အဓိပ္ပာယ်မှာ ကောက်ညှင်းဆန် လေးပြည်နှမ်းဆီ တစ်ပိဿာ၊ မြေပဲဆန် ၈၀ ကျပ်သား၊ နှမ်း ၃၂ ကျပ်သား၊ အုန်းသီးစိတ် ၂၀ ကျပ်သား၊ ဆား ၇ ကျပ်သား၊ ချင်း(ဂျင်း)၃၀ ကျပ်သားတို့ကို ဒယ်အိုးထဲတွင် နှံ့အောင်ရောမွှေ၍နယ်ရသည်။ အားသွန်ခွန်စိုက် ထမနဲထိုးရသည်ဟု ဆိုလိုပေသည်။

တိုင်းရင်းဆေးကျမ်းများတွင် တပို့တွဲလသည် အလွန်အေးမြသောကြောင့် လူတို့တွင် အဆီခြောက်ခမ်းသော ကာလဖြစ်ပေသည့် ဆီများများပါသော အပူစာထမနဲကို စားသုံးပါက အသားအရေစိုပြည်ကာ အပူဓာတ်ရရှိနိုင်ကြောင်းကို မဟာနရီကွန်ချာဆေးကျမ်း၊ သဘာဝဓမ္မဆေးကျမ်းတို့တွင် နှီးနွှယ်ဖွင့်ဆိုခဲ့ကြသည်။

မြန်မာ့ရာသီဥတုကို အကြောင်းပြု၍ ဆေးကျမ်းများက ယာဂု(ထမနဲ)သည် ရာသီဥတုနှင့် ဆီလျော်သော အာဟာရဖြစ်ကြောင်း ထုတ်ဖော်ရေးသားခဲ့ကြပါသည်။ ထမနဲ(ထမနဲ့)ဟူသော ဝေါဟာရသည် ကောက်ညှင်း(ထမင်း)ကိုနဲ့ခြင်းဟူသော အသုံးအနှုန်းမှ ဖြစ်ပေါ်လာပေသည်။ တချို့ကလည်း နှမ်းကိုကဲ၍ ထည့်ခြင်းကြောင့်'နှမ်းမနဲ' ဟူ၍ ခေါ်ကြောင်းလည်း သိရှိရပါသည်။

တပို့တွဲလမှာ မြန်မာ့ရိုးရာအစားအစာရာသီစာမှာ ထမနဲဖြစ်ပါသည်။ မြန်မာဗုဒ္ဓဘာသာဝင်များက မြတ်စွာဘုရားကို ရည်မှန်း၍ ထမနဲကို ကပ်လှူပူဇော်ကြပါသည်။ ဆွေမျိုးမိတ်သင်္ဂဟ မိတ်ဆွေအပေါင်းအသင်းများကိုလည်း ထမနဲကိုအပြန်အလှန် မေတ္တာလက်ဆောင်ပေးကြပါသည်။

တပို့တွဲလသည် ပေါက်ပန်းတို့လည်း ပွင့်ကာမြူးခိုး၊ မြူမှုန်ပြာရီလဲ့ နှင်းဝင်းပနေသည်။ ကျေးငှက်သာသကာတို့သည်လည်း ပေါက်လဲပန်းဝတ်ရည်များကို စုပ်၍ပျော်ရွှင်ဆူညံနေကြသည်။ ဗုဒ္ဓဘာသာဝင်အပေါင်းတို့ကလည်း ယာဂု(ထမနဲ)ပွဲများဖြင့် ဆက်ကပ်လှူဒါန်းကြပါသည်။

မိသားစုတိုင်း ဝိုင်းဖွဲ့ပြီး စကားစမြည်ပြောဆိုကြကာ ထမနဲကို နှစ်ခြိုက်စွာစားကြပါသည်။ မန္တလေးမြို့က အရီးတောင်းလက်ဖက်နာမည်ကြီးသကဲ့သို့ မြင့်မြင့်ခင်ထိုးမုန့်ကလည်း နာမည်ကျော်ပါသည်။ အရီးတောင်းလက်ဖက်၊ မြင့်မြင့်ခင်ထိုးမုန့် နာမည်ကြီးသကဲ့သို့ မန္တလေးမြို့က ဒေါ်ရှိထမနဲ၊ နှမ်းမနဲ၊ ငချိပ်ထမနဲကလည်း နာမည်ကြီးပါသည်။

မန္တလေးမြို့ ရှေးဟောင်းသမိုင်းဝင် မဟာမုနိရုပ်ရှင်တော်ရင်ပြင်မှာ မြို့နယ်အလိုက် ထမနဲထိုးပွဲများ၊ ပြိုင်ပွဲများကို ကျင်းပခဲ့ကြပါသည်။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ကြီးမှူးကျင်းပ၍ စည်ပင်ဝန်ထမ်းများ ထမနဲပြိုင်ပွဲများ ကျင်းပကြပါသည်။

မန္တလေးမြို့တော် ရှေးဟောင်းသုတေသနမန္တလေးဌာနခွဲမှာလည်း စည်းလုံးညီညွတ်စွာ ထမနဲထိုးပွဲ၊ ပြိုင်ပွဲများ ကျင်းပကြပါသည်။ တစ်ရွာနဲ့တစ်ရွာ ရပ်ရွာအလိုက် အပြိုင်အဆိုင်ထမနဲထိုးပွဲပြိုင်ပွဲများကို စည်စည်ကားကား ကျင်းပကြပါသည်။

ထိုသို့ မြန်မာ့ဓလေ့ ထမနဲပွဲမှာ ထမနဲထိုးကြသူများသည် အားကောင်းမောင်းသန်၊ ချွေးသံရွှဲရွဲအား မာန်ဖွဲ့နှင့် ယှဉ်ပြိုင်နေခြင်းများကို ကြည့်ရသည်မှာ စိတ်လှုပ်ရှားကာ ရင်ဖိုလှိုက်မောစရာကောင်းပါသည်။ တစ်ဖွဲ့နဲ့တစ်ဖွဲ့ တစ်ယောက်နဲ့တစ်ယောက် ရင်းနှီးချစ်ခင်ခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ ပျော်ရွှင်ကြည်နူးခြင်းများကို ခံစားကြရပါသည်။

အချုပ်ဆိုရသော် ဗုဒ္ဓဘာသာဝင် မြန်မာများသည် မြတ်စွာဘုရား၏ တရားဓမ္မဘာသာသာသနာ ကို သက်ဝင်ယုံကြည်ကိုးကွယ်ခြင်း၊ စေတနာသဒ္ဓါတရားထက်သန်စွာ လှူဒါန်းပေးကမ်းခြင်း၊ စိတ်ကောင်းနှလုံးကောင်းနှင့် ဖော်ရွေပျူငှာပွင့်လင်းမြင်သာစွာ နေထိုင်ခြင်း၊ စည်းလုံးညီညွတ်စွာ စုပေါင်းလုပ်ဆောင်တတ်သော စိတ်ဓာတ်ရှိခြင်း စသည့် မြန်မာတို့၏ ဓလေ့ထုံးတမ်းစဉ်လာ မြန်မာ့ရိုးရာယဉ်ကျေးမှု တန်ဖိုးကြီးမားသော အမွေအနှစ်များကို နောင်လာနောက်သားမျိုးဆက်သစ်များက လက်ဆင့်ကမ်းကာ ထိန်းသိမ်းကြစေလိုကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

မိုးထက်ကို(အမရပူရ)



## မဟာအောင်မြေမြို့နယ်တွင် စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၆**

မန္တလေး၊ မဟာအောင်မြေမြို့နယ် အမှတ်(၃၀)အခြေခံပညာ မူလတန်းကျောင်း၌ ဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းက စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေး ဟောပြောပွဲ ကျင်းပသည်။

ရှေးဦးစွာ မဟာအောင်မြေမြို့နယ်အမှတ် (၃၀)အခြေခံပညာ မူလတန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးသန်းလွင်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သိန်းစိုးက ပညာသင်ကြားနေစဉ်ကာလမှာ ပညာရေးကို ဂရုတစိုက်လေ့လာသင်ယူသင့်ကြောင်း၊ စာပေတွေများများဖတ်သင့်ကြောင်း၊ အနာဂတ်လူငယ်မျိုးဆက်သစ်များကို စာအုပ်များနှင့် ရင်းနှီးကျွမ်းဝင်မှုရှိလာပြီး စာပေတွင် မွေ့လျော်ကာ မိမိတို့၏ကိုယ်ပိုင်အချိန်များကို အကျိုးရှိစွာ အသုံးချတတ်လာစေရန်၊ ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်လူရွယ်များပေါ်ထွက်လာစေရန် ရည်ရွယ်ချက်များဖြင့် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲများကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးဒေါ်မြင့်မြင့်သွယ်က ကျောင်းသား၊ ကျောင်းသူများကို မူးယစ်ဆေးဝါးကို စမ်းသပ်မသုံးစွဲသင့်ကြောင်း၊ လူကုန်ကူးမှုအန္တရာယ်မှ ကာကွယ်နိုင်စေရန် စာအုပ်စာပေဖတ်သင့်ကြောင်း ဟောပြောသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ပြီး တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အသိပညာပေး နံရံကပ်ပြဘုတ်များနှင့်သုတ၊ ရသစာအုပ်များကို စိတ်ပါဝင်စားစွာဖြင့် လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**
**(၀၅၆)**

## လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာပေးဟောပြောပွဲ ကျင်းပ



**ရှာင် ဖေဖော်ဝါရီ ၆**

ရှမ်းပြည်နယ် တောင်ပိုင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှာင်မြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဖေဖော်ဝါရီ ၅ ရက် နံနက် ၁၀ နာရီက ကျောင်းသား၊ ကျောင်းသူများအား စာဖတ်ရှိန်မြှင့်တင်ရေးနှင့်ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ရည်ရွယ်၍ အခြေခံပညာ မူလတန်းကျောင်းလွန်(ညောင်ကုန်းကျေးရွာ)၌ အသိပညာပေး ဟောပြောပွဲ ကျင်းပသည်။

ရှေးဦးစွာ ရှာင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်ပြည့်ဖြိုးသန့်က ကျောင်းသား၊ ကျောင်းသူများအား စာဖတ်ရှိန်မြှင့်တင်ရေးအတွက် စာဖတ်ခြင်း အကျိုးကျေးဇူးအကြောင်း၊ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေး အတွက် လူငယ်ရေးရာအကြောင်း၊ ဗလငါးတန် အကြောင်းတို့ကို အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းစာအပြင် ပြင်ပဗဟုသုတများ တိုးပွားစေရေးအတွက် သုတ၊ ရသစာအုပ်များ ဖတ်ရှုစေခဲ့ပြီး မူးယစ်ဆေးဝါးအန္တရာယ်၊ ကလေးအလုပ်သမားပပျောက်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး နံရံကပ်စာစောင်များပြသခဲ့ ရာ ကျောင်းသား၊ ကျောင်းသူများ စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှု မှတ်သားခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**
**(၃၃၈)**




## ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်၊ စာစောင်များ ငှားရမ်းပေး

**ပျဉ်းမနား ဖေဖော်ဝါရီ ၆**

ပျဉ်းမနားမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာဖတ်သူများလက်ဝယ်အရောက် စာအုပ်များ လိုက်လံငှားရမ်းပေးမှုကို ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ရပ်ကွက်၊ ကျေးရွာများအရောက် လိုက်လံငှားရမ်းပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းတွင် ဥတ္တရသီရိမြို့နယ်၊ အမှတ်(၁၂)အခြေခံ ပညာအထက်တန်းကျောင်းနှင့် ပုဗ္ဗသီရိမြို့နယ်၊ အခြေခံပညာ အလယ်တန်းကျောင်း(ရွာတော်)သို့ သွားရောက်ငှားရမ်းပေးကြသည်။

စာအုပ်ငှားရမ်းဖတ်ရှုသူများ အဆင်ပြေစေရေးအတွက် ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်၌ သုတ၊ ရသစာအုပ်မျိုးစုံ ၂၂၀၀ ကျော် စီစဉ်ထားရှိပြီး စာအုပ်အသစ်များကိုလည်း စဉ်ဆက်မပြတ် လဲလှယ်ဖြည့်ဆည်းပေးလျက်ရှိကြောင်းနှင့်ယခုငှားရမ်းပေးခဲ့သော စာအုပ်များကို ရက်သတ္တပတ်တစ်ပတ်ပြည့်လျှင် ပြန်လည်အပ်နှံကာ စာအုပ်အသစ်များကို ထပ်မံငှားရမ်းပေးသွားမည် ဖြစ်သည်။

ပျဉ်းမနားမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဝန်ထမ်းများက ပြည်သူများ စာပေအလွယ်တကူ ဖတ်ရှုနိုင်စေရေးအတွက် ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ အခြေခံပညာကျောင်းများနှင့်ရပ်ကွက်၊ ကျေးရွာများ အရောက် လိုက်လံငှားရမ်းပေးခြင်းဖြစ်ပြီး မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင်လည်း မည်သူမဆို အခမဲ့ လာရောက်ငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရသည်။

**(အပေါ်ပုံ)မြို့နယ်(ပြန်/ဆက်)**



ဖတ်စရာ၊ မှတ်စရာ စုံလင် ယုဒလေး

## ပုခက်ထဲက တေးကဗျာ

* ပန်းပွတ်ကျွန်းသား ကြိမ်နွယ်များနဲ့
ရက်ထားသွယ်ယှက် ကျွန်းပုခက်လေး
နွေးထွေးကြင်နာ ချစ်မေတ္တာနဲ့
နှောင်ဖွဲ့သွန်းထု ကျွန်းပုခက်လေး
အို … အို… အေး … အေး …အိုအေးအေး
ငြိမ့်ငြိမ့်ဖြည်းဖြည်း
ဖားကလေး ကြောင်ကလေး ခိုကလေး
သားချော့တေးက ရင်သွေးတစ်သက်
မပျက်တဲ့အက္ခရာ စွဲမက်ခဲ့တေးကဗျာ ။

* ချစ်ခြင်းတွေပြိုင်
အသည်းခိုင်အိမ်ဆည်းလည်းလေး မအိပ်သေးသမျှ
ဘိုးဘွားတစ်လှည့် ဖေ မေ တစ်လှည့်
အဒေါ်တွေတစ်လှည့် တန္ခဲ့နွဲ့လွဲရင်း
တေးချင်းချိုသာ
သားချော့တေးတွေဟာ
ကြည်နူးသာယာ နားစည်မှာစွဲ
မေ့ပဲမေ့နိုင် ခုတိုင်တာသ သတိရနေ ။

* ဘိုး ဘွား ဖေ မေ အဒေါ်တွေရဲ့
မေတ္တာလဲ့ဝင်း ရင်တွင်းကရဏာ
လင်းထိန်ဖြာလက် ကျွန်းပုခက်အတွင်းက
ကဗျာတေးချင်း အိုမင်းသည့်တိုင်
အသည်းစိုင်ထဲ ခိုင်မြဲတာသ အမှတ်ရနေ
မြန်မာ့ကျေးလက်တေးကဗျာတွေ
ယဉ်ကျေးမှုရဲ့ ချစ်စရာအမွေ
မိသားစုရဲ့ မေတ္တာကဇွေ ။ ။

**ခင်ဆွေလှိုင်(ပန်းချီ)**



ရွေ့လျားစာကြည့်တိုက်

## သတင်းပဒေသာ

### ရုံးစာရေးသားနည်း သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

ကချင်ပြည်နယ်၊ ပူတာအိုခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ ဦးစီးဌာနအတွင်း တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအနေဖြင့် ရုံးလုပ်ငန်းများကို သိရှိနားလည်၍ ထိရောက်မှန်ကန်မြန်ဆန်စွာ ရုံးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ရုံးစာရေးသားနည်းသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက ပူတာအိုခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre) ခန်းမ၌ ဒုတိယအကြိမ် ဖွင့်လှစ်သည်။

ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်တင်တင်ချိုက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမိုးနိုင်က သင်တန်းတွင် ပို့ချမည့် ဘာသာရပ်များနှင့် သင်တန်းသား၊ သင်တန်းသူများ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ဘိုးဘွားများအား လူမှုရေးပင်စင်ငွေများ ပေးအပ်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကွန်ဟိန်းမြို့နယ်တွင် လူမှုဝန်ထမ်းဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် အသက် (၈၅) နှစ်အထက် ဘိုးဘွားများအား လူမှုရေးပင်စင်ငွေပေးအပ်ရာ ကွန်ဟိန်းမြန်မာ့စီးပွားရေးဘဏ်၌ သက်ကြီးဘိုးဘွားများနှင့် ကိုယ်တိုင်လာရောက် မထုတ်ယူနိုင်သည့် ဘိုးဘွားများက ကိုယ်စားလှယ်များဖြင့် ယမန်နေ့ကလာရောက် ထုတ်ယူလျက်ရှိသည်။ ၂၀၂၄-၂၀၂၅ (ပထမ၊ ဒုတိယ၊ တတိယ) သုံးလပတ်အတွက် ကွန်ဟိန်းမြို့နယ်အတွင်းမှ သက်ကြီးဘိုးဘွား ၁၀၀ ဦး အတွက် စုစုပေါင်းငွေကျပ် ၈၇၉၀၀၀၀ သိန်းအား မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်လှိုင်ဇင်ဝင်းနှင့် ဝန်ထမ်းများ၊ မြန်မာ့စီးပွားရေးဘဏ်မှ မန်နေဂျာနှင့် ဝန်ထမ်းများက စည်းကမ်းချက်များနှင့်အညီ စနစ်တကျ ထုတ်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးနှံ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံပြည်သူ့ဆေးရုံကြီး၌ ဆေးရုံ အခြေပြု ကိုဗစ်ကာကွယ်ဆေး(Pfizer XBB 1.5) ထိုးနှံပေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက ပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများအား ကျန်းမာရေးဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် Pfizer အမျိုးအစား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံနိုင်ရန်အတွက် နောက်ဆုံးအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပြီးစီးမှုကာလ အနည်းဆုံး(၆)လရှိပြီး သတ်မှတ်ချက်နှင့်ကိုက်ညီသည့် နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူလူထုများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်စစ်ဆေးမှုများ ပြုလုပ်ပြီး ကျန်းမာရေးဝန်ထမ်းများက ကိုဗစ် ကာကွယ်ဆေးထိုးနှံဆောင်ရွက်ပေးလျက်ရှိရာ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### လူငယ်ရေးရာ အသိပညာပေးဟောပြော၊ နံရံကပ်စာစောင် ပြသ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကာလိမြို့တွင် ကျောင်းသားလူငယ်များ အသိပညာဗဟုသုတ တိုးပွားစေရန်ရည်ရွယ်၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲများကို ယမန်နေ့ နံနက် ၁၀ နာရီက အ.မ.က(မိုင်းယိုင်း)၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးစည်သူအောင်က ကျောင်းသား၊ ကျောင်းသူများ ကျောင်းစာအပြင် ပြင်ပဗဟုသုတတိုးပွားစေရန်နှင့် စာပေဖတ်ရှုခြင်းမှ ရရှိနိုင်သောအကျိုးကျေးဇူးများအား ကျောင်းသား၊ ကျောင်းသူများ သိရှိနိုင်ရန်အတွက် အသိပညာပေးဟောကြားခဲ့သည်။ ထို့နောက် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ နံရံကပ်စာစောင်များပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာမှတ်သားဖတ်ရှုခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## အရန်မီးသတ်တပ်ဖွဲ့မှ သံဃာတော်များအား (၁၀၈)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး ဖေဖော်ဝါရီ ၆**

အရန်မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်းဘုံဆွမ်းလောင်းလှူပွဲကို ဖေဖော်ဝါရီ ၅ရက် နံနက် ၆ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ ၈၉ လမ်း၊ ၈လမ်းနှင့် ၉လမ်းကြားရှိ ညောင်ကွဲရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့ရုံးအရှေ့တွင် ပြုလုပ်သည်။

အဆိုပါ ဘုံဆွမ်းလောင်းလှူပွဲတွင် ရပ်ကွက်အတွင်း လေးပြင်လေးရပ်မှ ဆွမ်းခံကြွရောက်လာသော ရဟန်း၊ သံဃာအပါး ၁၅၀ ကျော်အား မြို့နယ်အရန်မီးသတ်တပ်ဖွဲ့၊ တပ်ခွဲ(၃)တပ်ခွဲမှူး မောင်မောင်(ခ)ဇော်ဝင်းအောင်၊ ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့၊ တပ်စုမှူး တင်မောင်ဆန်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ၊ စေတနာရှင်၊ အလှူရှင်များ ပူးပေါင်း၍ ဆွမ်း၊ ကြက်သားအာလူးချက်၊ ကုလားပဲချက်၊ ငါးလေးခြောက် ငရုတ်သီးကြော်၊ ပဲတီချဉ်သုပ်၊ အကြော်စသည့် ဆွမ်း၊ ဆွမ်းဟင်းများကို (၁၀၈)ကြိမ်မြောက် လောင်းလှူဒါန်းခဲ့ကြောင်း သိရသည်။

**(ယာပုံ) (၀၉၃)**

## ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသို့ ရာသက်ပန်ဆွမ်းပဒေသာပင် လှူဒါန်း

**မန္တလေး ဖေဖော်ဝါရီ ၆**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ခြင်း ပြုလုပ်သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော်အမှူးပြုသော ကထိကဆရာတော်များ၊ သင်တန်းသား၊ သံဃာတော်များအား အလှူရှင်မိသားစုက အရုဏ်ဆွမ်းဆက်ကပ်သည်။

ထို့နောက် ကျောင်းအုပ်ဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကောသဝ (မဓ္ဓာစရိယ, BA)က ဟောကြားအပ်သည့် ရေစက်ချအနုမောဒနာတရားကို နာယူကြည်ညိုကြပြီး မန္တလေးမြို့နေ အလှူရှင်ဒေါ်မွေးကလျာ၊ သမီး မရွှေရည်ဝင်း မိသားစုက ဦးစိုးစိုးဝင်း ကွယ်လွန်ခြင်း (၁၇)နှစ်ပြည့်အား ရည်စူး၍ လှူဒါန်းသော ရာသက်ပန်ဆွမ်းပဒေသာပင် ငွေကျပ် ခုနစ်သိန်းကို ဥပဋ္ဌာကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) (၀၃၆)**



## တွဲဖက်တာဝန်ထမ်းဆောင်ကြမည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား အဝတ်အထည်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်

မန္တလေး၊ ဖေဖော်ဝါရီ ၆

မန္တလေး၊ အောင်မြေသာစံခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် တွဲဖက်တာဝန်ထမ်းဆောင်ကြမည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား အဝတ်အထည်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၄ရက် မွန်းလွဲ ၂ နာရီက မန္တလေး၊အောင်မြေသာစံမြို့နယ်ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။




အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးအောင်ဆွေ၊ အဖွဲ့ဝင်ဦးတင်မောင်ဝင်း၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးဦးဝင်းသူအောင်နှင့် တာဝန်ရှိသူများ တွဲဖက်တာဝန်ချထားသည့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေက ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားပြီး ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးနှင့် လက်ထောက်ညွှန်ကြားရေးမှူးတို့က ရုံးလုပ်ငန်းတာဝန်များခွဲဝေချထားပေးပြီး ရုံးလုပ်ထုံးလုပ်နည်းများနှင့် စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဝန်ထမ်းများအား အဝတ်အထည်များ၊ စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

ထို့နောက် ဗန်းမော်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ မန္တလေး၊ အောင်မြေသာစံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် တွဲဖက်တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်း ၃၈ ဦး ကိုယ်စား ဝန်ထမ်းတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားကြောင်း သိရသည်။ **(ဝဲပုံ) (၀၉၃)**

## ရန်ကုန်-မန္တလေးကားလမ်းမကြီးတွင် ယာဉ်အန္တရာယ်ကင်းရှင်းစေရေး အန္တရာယ်ကင်းပရိတ်များ ရွတ်ပတ်

**ကျောက်ဆည် ဖေဖော်ဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ကျောက်ဆည်မြို့နယ် ရန်ကုန်-မန္တလေးကားလမ်းကြီးတွင် ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ယမန်နေ့ ညနေ ၄နာရီက မြို့နယ်သံဃနာယကဥက္ကဋ္ဌ မဟာရွှေစေတီ စာသင်တိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တပညာသာမိ မဟာဂန္ထဝါစကပဏ္ဍိတ အမှူးပြု၍ ရန်ကုန်-မန္တလေးကားလမ်းမကြီး မိုင်တိုင်အမှတ်(၃၇၆/၂)မှ (၃၆၀/၇) အထိ အန္တရာယ်ကင်းပရိတ်တရားတော်များကို မော်တော်ယာဉ်ဖြင့် လှည့်လည်ရွတ်ဖတ်ပူဇော်ခဲ့သည်။

အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ရာသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကောင်းမြတ်နိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးဖွဲ့ ဦးဇော်လင်းထွန်းတို့ လိုအပ်သည့် လှူဒါန်းမှုများ ပြုလုပ်ခဲ့ပြီး မြို့နယ်သံဃနာယကဥက္ကဋ္ဌမဟာရွှေစေတီ စာသင်တိုက် ဦးစီးပဓာနနာယကဆရာတော်ဘဒ္ဒန္တပညာသာမိ မဟာဂန္ထဝါစကပဏ္ဍိတ အမှူးပြုသည့် ပင့်သံဃာ ၁၅ ပါးနှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက မော်တော်ယာဉ်များဖြင့် ရန်ကုန်-မန္တလေး ကားလမ်းမကြီးနှင့် ကျောက်ဆည် မြို့ရှောင်လမ်းတို့တွင် အန္တရာယ်ကင်းပရိတ်များ လှည့်လည်ရွတ်ဆိုပူဇော်ခဲ့ပြီး ပရိတ်ရေများ ဖျန်းပက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) (၄၈၅)**



# လျှပ်စစ်မီတာအကြောင်း ခပ်မိခပ်ရာ

လျှပ်စစ်မီတာမှာ အကြမ်းဖျင်း စီတီမီတာ၊ ပါဝါမီတာ၊ အိမ်သုံးမီတာဆိုပြီး သုံးခုရှိပါသည်။ ဘယ်မီတာအမျိုးအစားဖြစ်စေ သတ်မှတ်ဝန်အား ဆိုတာရှိပါသည်။ အဆိုပါဝန်အားထက်ကျော်လွန်သုံးစွဲရင် လောင်ကျွမ်းတတ်ပါသည်။ Internal Shock ရှိပြီး Breaker က Trip မဖြစ်ဘဲ လောင်ကျွမ်းတဲ့အခါလည်း ရှိပါသည်။ မီးလောင်တဲ့အခါ ပါသွားပြီး လောင်ကျွမ်းသွားတာရှိပါသည်။ မျက်မြင်အားဖြင့် အညိုအမည်းစွဲပြီး မီးလောင်ထားတဲ့လက္ခဏာမျိုးလည်းရှိပါသည်။ နောက်တစ်ချက်က သတ်မှတ်ဝန်အားထက်ကျော်လွန်ပြီး အဝင်ကြိုးလောင်ကျွမ်းပြီး မီတာအဝင်၊ အထွက် Connection Point ရဲ့ Bar တွေ အရည်ပျော်ပြီး ကြိုးပြန်ထည့်လို့မရတော့ဘဲ ပြန်သုံးမရတာတွေလည်း ရှိပါသည်။ တစ်ခါတစ်ရံမှာ မီတာအတွင်းထဲက Coil တွေမှာ အညိုအမည်းစွဲပြီး လောင်သွားတဲ့ ပုံစံမျိုးလည်း တွေ့ရပါသည်။ ဒါတွေက အတွေ့ရများတဲ့ မီတာလောင်ကျွမ်းမှုပုံစံတွေ ဖြစ်ပါသည်။ မီတာလောင်ကျွမ်းတဲ့အခါ ဘာဆက်လုပ်မလဲဆိုရင် အိမ်တွင်းအဝင် Main Breaker ကို ပိတ်ထားပြီး မြို့နယ်လျှပ်စစ်ရုံးကို မဖြစ်မနေအကြောင်းကြားရပါမယ်။ မိမိသဘောနဲ့ မိမိခတ်ထားတဲ့ Seal များ ဖြတ်ခြင်း၊ ပြုပြင်ခြင်းများ လုံးဝမပြုလုပ်ရပါ။ မှတ်တမ်းဓာတ်ပုံရယူထားပါ။ မြို့နယ်ရုံးအား စာဖြင့် တင်ပြသည့်အခါ မိမိမီတာတပ်ဆင်ထားရှိသည့် မီတာဘောလ်ပါအမည်ပေါက်၊ မီတာနံပါတ်၊ တပ်ဆင်ထားသည့် လိပ်စာများထည့်သွင်း၍ ဖြစ်စဉ်အကြမ်းဖျင်းအား ရေးသားရမည်ဖြစ်ပြီး၊ မီတာဘောလ်မိတ္တူ၊ မှတ်တမ်းဓာတ်ပုံ(ကာလာ)နှင့် တကွ ပူးတွဲတင်ပြရမည်။ လိုအပ်ပါက မိမိထံဆက်သွယ်ရရှိနိုင်သည့် ဖုန်းနံပါတ်အား ထည့်သွင်းဖော်ပြပေးရပါမည်။ လာရောက်စစ်ဆေးပါက စစ်ဆေးသူ၏ အမည်နှင့် စစ်ဆေးသည့်ရက်စွဲအချိန်များကို မှတ်သားရယူထားနိုင်ပါသည်။ Seal ဖြတ်၍ စစ်ဆေးပါကငှင်း၊ မီတာအား ဖြုတ်ယူပါကလည်း ဆောင်ရွက်သူ၏ အမည်နှင့်ရာထူးအား မှတ်ယူထားရန် လိုအပ်ပါသည်။

ဌာနမှ မည်ကဲ့သို့ဆက်လက်ဆောင်ရွက်လေ့ရှိသနည်းဟု မေးသော် ဌာနမှ တင်ပြစာရရှိပြီးလျှင် လာရောက်၍ အမှန်တကယ်လောင်ကျွမ်းမှု ရှိ၊ မရှိ မျက်မြင်လာရောက် စစ်ဆေးပါမည်။ ၎င်းနောက် သက်ဆိုင်ရာမြို့နယ်တာဝန်ခံ၏ လမ်းညွှန်ချက်ဖြင့် AVG ကောက်ခံမည်ဆိုပါက မိမိသုံးစွဲသော ယူနစ်(၁၂)လစာအား ပေါင်း၍ (၁၂)ဖြင့် စား၍ တစ်လပျမ်းမျှအသုံးအား တွက်ချက်၍ မီတာအသစ်မရမချင်း ကောက်ခံပါမည်။ တစ်ခါတစ်ရံ ယခင် (၁၁)လတွင် လူမနေဘဲ ယခုလတွင် လူနေယူနစ်အသုံးများပါက တစ်လပျမ်းမျှ တွက်ချက်ကောက်ခံခြင်းမပြုဘဲ အသုံးဝန်အားကို အခြေခံ၍ တွက်ချက်ကောက်ခံမည် ဖြစ်ပါသည်။ ချင်းချက်အားဖြင့် မီးလောင်သည့်ဖြစ်စဉ်ကြောင့် မီတာလောင်ကျွမ်းပါက အဆိုပါအမှုကိစ္စပြီး ပြတ်မှပြီးစီးကြောင်းတင်ပြနိုင်မှ မီတာကိုပြန်လည်တပ်ဆင်သုံးစွဲ ခွင့်ပြုမည်ဖြစ်ပါသည်။ မိမိအနေဖြင့် တစ်လပျမ်းမျှကောက်ခံခြင်းအား သဘောမတူလိုပါကလည်း မီးမသုံးစွဲလိုပါသဖြင့် မီးဖြတ်ထားပေးရန်နှင့် ကောက်ခံခြင်းမပြုရန်လည်း အဆိုပြုနိုင်ပါသည်။ ဌာနမှ မီတာလောင်ကျွမ်းမှုဖြစ်စဉ်အား ကြေးနန်းဖြင့် တင်ပြ၍ ဖြုတ်ယူစစ်ဆေးခွင့်ရရှိပါက ဖြုတ်ယူ၍ Test Lab ဘေသို့ ပေးပို့စစ်ဆေးပါမည်။ Over Load ဟုခေါ်သော သတ်မှတ်ဝန်အားထက် ကျော်လွန်သုံးစွဲပါက ယခင်မှုအရ ဒဏ်ကြေး၊ လျော်ကြေးများ ကောက်ခံမည် ဖြစ်ပါသည်။ ယခုမှုအရ မည်သည့်အကြောင်းကြောင့် မီတာလောင်ကျွမ်းသည်ဖြစ်စေ မီတာလောင်ကျွမ်းပါက မီတာတန်ဖိုး၏သုံးဆအား ကောက်ခံသည်ဟု သိရပါသည်။

အထူးသတိပေးမှာကြားချင်တာက မီတာလောင်ကျွမ်းသွားပြီ ပြင်ပေးမယ်၊ သက်သာအောင် ဘာလုပ်ပေးမည်ဆိုသည်များကို လုံးဝ(လုံးဝ)မလုပ်ကြပါနဲ့ဟုမှာချင်ပါသည်။ မီတာဖြုတ်၍ စစ်ဆေးပိုင်ခွင့်က မှုနဲ့အညီ ပြုပြင်ပိုင်ခွင့်က Test Tab ဘေဌာနတစ်ခုတည်းမှာပဲရှိပါတယ်။ ပြုပြင်ထားသည်ကို စိစစ်တွေ့ရှိပါက မီတာခအမြင့်ဆုံးနှုန်းထားနဲ့ တစ်နှစ်စာလျော်ကြေးတောင်းပါတယ်။ တရားစွဲပြီး အာမခံမပေးပါဘူး။ တရားဝင်လမ်းကြောင်းအရ လုပ်ဆောင်ရမည့် အချက်များကို အသေးစိတ် ပြောပြဆွေးနွေးပေးထားပါသည်။ ဆက်လက်၍ Metering Outfit (MOF) တပ်ဆင်ခြင်းအကြောင်း ဗဟုသုတအဖြစ် ရှင်းလင်းတင်ပြလိုပါသည်။ 11/0.4 kV (or) 33/0.4 kV Transformer တွေ တည်ဆောက်ပြီးတဲ့အခါမှာ ဓာတ်အားခကောက်ခံရန်အတွက် Meter တွေ တပ်ဆင်ကြရသည်။ အများအားဖြင့် Transformer အတွက် Low Tension (LT) side 400 V တွင် တပ်ဆင်ကြပါသည်။ LT side မှာ တပ်ဆင်သည့်အတွက် Transformer (Core Losses and Iron losses) Losses ကာမိစေရန် အရင်တုန်းကတော့ သုံးစွဲယူနစ်ရဲ့ ၁၀ ရာခိုင်နှုန်း ထပ်ပေါင်းကောက်ခံပြီး ၁၀ ရာခိုင်နှုန်းထက်ကျော်တဲ့ ယူနစ်ကိုတော့ ဌာနကကျခံပေးပါသည်။ ယခုနောက်ပိုင်းတော့ ၁၀ ရာခိုင်နှုန်း ထပ်ပေါင်းကောက်ခံခြင်း မရှိတော့ပါ။ အဲဒီလို မကောက်ခံတော့ Line Losses တွေ၊ Transformer Losses တွေကြောင့် ယူနစ် Losses တွေ များလာပါသည်။ ဒါကြောင့် အခုနောက်ပိုင်းတော့ ပုဂ္ဂလိက Transformer တွေ တည်ဆောက်တဲ့အခါ ဓာတ်အားလိုင်း ပေ ၁၀၀၀ ကျော်ရင် ဓာတ်အားလိုင်းရဲ့ Tap Off ယူတဲ့နေရာမှာ Outfit Meter တွေ တပ်ဆင်ကြရပါသည်။ High Tension (HT) side (11 kV or 33 kV)တွင် တပ်ဆင်ပါက တိုက်ရိုက် Meter တပ်ဆင်၍ မရပါ။ Step Down Transformer များမှာ CT၊ PT ခံ၍ Voltage နှင့် Current ကို အချိုးတစ်ခုသို့ လျှော့ချကာ Meter တွင် ချိတ်ဆက်တပ်ဆင်စေပြီး ယူနစ်ကောက်ခံရပါသည်။ Voltage မြင့်မားသောကြောင့် Outfit Meter တပ်ဆင်ရာတွင် ပစ္စည်းကုန်ကျစရိတ်တော့ များပါသည်။ 500 kVA Transformer နှင့်အထက်ဆိုပါက HT side တွင် VCB or GCB တပ်ဆင်၍ Panel တွင် Meter တပ်ကြပါသည်။ ဓာတ်အားလိုင်း ပေ ၁၀၀၀ ထက်ကျော်ရင်တော့ Outfit တပ်ရမှာပါဖြစ်ပါသည်။

လျှပ်စစ်မီတာမှာ အကြမ်းဖျင်း စီတီမီတာ၊ ပါဝါမီတာ၊ အိမ်သုံးမီတာဆိုပြီး သုံးခုရှိပါသည်။ ဘယ်မီတာအမျိုးအစားဖြစ်စေ သတ်မှတ်ဝန်အားဆိုတာရှိပါသည်။ အဆိုပါဝန်အားထက် ကျော်လွန်သုံးစွဲရင် လောင်ကျွမ်းတတ်ပါသည်။ Internal Shock ရှိပြီး Breaker က Trip မဖြစ်ဘဲ လောင်ကျွမ်းတဲ့အခါလည်း ရှိပါသည်။

ဆက်လက်၍ မီတာခအကြောင်းရှင်းလင်းလိုပါသည်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ လျှပ်စစ်ဓာတ်အားကို အစိုးရလျှပ်စစ်ဌာနဆီမှ ဝယ်ယူအသုံးပြုရပါသည်။ ဝယ်ယူအသုံးပြုခြင်းအတွက် လစဉ်မီတာခကို လျှပ်စစ်ဌာနကိုပေးဆောင်ကြရပါသည်။ ဘယ်လိုတွက်ချက်ပေးဆောင်ကြရလဲဆိုတာနဲ့ပတ်သက်၍ ဖော်ပြပါအတိုင်း တွက်ချက် ကြည့်နိုင်ပါသည်။ မီတာခတွက်ချက်တဲ့အခါ နှစ်နည်းနဲ့ တွက်ချက်နိုင်ပါသည်။

ကျွန်တော်တို့အိမ်တွေကို လျှပ်စစ်ဌာနမှမီတာစာရေးများ လစဉ် လာရောက်မီတာဖတ်လေ့ရှိပါသည်။ ဘယ်လို မီတာခကိုတွက်ချက်ကြမလဲ၊ လစဉ် မီတာယူနစ်ကို ဘယ်လိုသိနိုင်မလဲ၊ ရိုးရှင်းပါတယ်။ မီတာစာရေး လာရောက်မီတာဖတ်တဲ့နေ့မှာပဲ ကိုယ့်အိမ်ကမီတာပုံးကို ဓာတ်ပုံရိုက်ယူထားပါ။ မီတာဒိုင်ခွက်မှာ ဒီဂျစ်တယ် ဂဏန်းတန်ဖိုးနဲ့ ပြနေပါတယ်။ အပြာဒီဂျစ်တယ် ဂဏန်းတန်ဖိုးမှာ ကိုယ့်အိမ်မှာ မီတာစပြီး တပ်ဆင်သည့်ရက်မှစ၍ လက်ရှိချိန်ထိ ဖတ်ထားသောယူနစ်တန်ဖိုးပင် ဖြစ်ပါသည်။

(၁) အိမ်မှာအသုံးပြုတပ်ဆင်ထားသော energy meter မှတစ်ဆင့် တွက်ချက်ခြင်း၊

(၂) အိမ်မှာ အသုံးပြုသော လျှပ်စစ်ပစ္စည်းများ တစ်နေ့တာအသုံးပြုသော စွမ်းအင်မှတစ်ဆင့် မီတာခ တွက်ချက်ခြင်း။

အထက်ပါ နည်းလမ်းနှစ်ခုထဲမှာ နံပါတ်တစ် နည်းလမ်းမှာ တကယ့်လက်တွေ့ အသုံးပြုနေသော အိမ်တစ်အိမ်ရဲ့ မီတာအသုံးကို energy meter မီတာပုံးမှတစ်ဆင့် တွက်ချက်ကောက်ခံခြင်းပင် ဖြစ်ပါသည်။

(၁) အိမ်မှာအသုံးပြုတပ်ဆင်ထားသော energy meter မှ တစ်ဆင့်တွက်ချက်ခြင်း ဒီနည်းလမ်းမှာရိုးရှင်းပါတယ်။ ကျွန်တော်တို့ အိမ်တွေကို လျှပ်စစ်ဌာနမှမီတာစာရေးများ လစဉ်လာရောက် မီတာဖတ်လေ့ရှိပါသည်။ဘယ်လို မီတာခကိုတွက်ချက်ကြမလဲ၊ လစဉ် မီတာယူနစ်ကို ဘယ်လိုသိနိုင်မလဲ၊ ရိုးရှင်းပါတယ်။ မီတာစာရေး လာရောက်မီတာဖတ်တဲ့နေ့မှာပဲ ကိုယ့်အိမ်က မီတာပုံးကို ဓာတ်ပုံရိုက်ယူထားပါ။ မီတာဒိုင်ခွက်မှာ ဒီဂျစ်တယ် ဂဏန်းတန်ဖိုးနဲ့ ပြနေပါတယ်။ အပြာဒီဂျစ်တယ် ဂဏန်းတန်ဖိုးမှာ ကိုယ့်အိမ်မှာ မီတာစပြီး တပ်ဆင်သည့်ရက်မှစ၍ လက်ရှိချိန်ထိ ဖတ်ထားသော ယူနစ်တန်ဖိုးပင် ဖြစ်ပါသည်။ ဥပမာအားဖြင့် ဂဏန်းတန်ဖိုး 53408 ကို ပြနေသည်ဆိုပါစို့၊ ပြသထားသောတန်ဖိုးထဲမှ အရင်လတုန်းက မီတာရုံးမှ ပေးလိုက်သော မီတာစာရွက်ထဲက တန်ဖိုးကို နုတ်ပေးရမှာ ဖြစ်ပါသည်။ နုတ်ပေးရမည့်တန်ဖိုးမှာ အရင်လတုန်းက မီတာရုံးကပေးလိုက်တဲ့ စာရွက်ထဲတွင် ယခုလဖတ်ချက်ဆိုတဲ့ ယူနစ်ကို ဆိုလိုတာပါ။ ဥပမာ ယခင်လတုန်းက မီတာစာရေးလာဖတ်တဲ့ တန်ဖိုးမှာ 53308 ဖြစ်တယ်ဆိုရင် ယခုလ 53408 ထဲမှ နုတ်ပေးရပါမည်။ တစ်လတာမီတာယူနစ်=53408-53308=100 ယူနစ် ဒါဆိုရင် တစ်လတာ ကိုယ့်အိမ်က ၁၀၀ ယူနစ်ကို အသုံးပြုထားတယ်လို့ ဆိုလိုပါသည်။ တစ်လတာအသုံး ၁၀၀ ယူနစ် ရှိတယ်ဆိုရင် ငွေဘယ်လောက်ပေးဆောင်ရမလဲ၊ အစိုးရလျှပ်စစ်ဌာနက သတ်မှတ်ပေးထားတဲ့ ယူနစ်အလိုက်ပေးဆောင်ရသော တန်ဖိုးလေးတွေ ရှိပါတယ်။

(ဆက်လက်ဖော်ပြပါမည်။)

မောင်မောင်စွယ်စုံထွန်း

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်(အကြို) အခမ်းအနားများ ကျင်းပ



**မန္တလေး ဖေဖော်ဝါရီ ၆**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန ရတနာပုံ တက္ကသိုလ်တွင် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဟောပြောပွဲနှင့် စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၉ နာရီခွဲက အဆိုပါတက္ကသိုလ်ရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များ ဖြစ်ကြသည့် ဒေါက်တာသွယ်လင်းကို၊ ဒေါက်တာခင်မော်မော်စိုး၊ ဒေါက်တာဦးဝင်းနိုင်၊ ဘာသာရပ်အသီးသီးမှ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ စီမံရေးရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းသား၊ ကျောင်းသူများက "ဓာတိမာန်" သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် ပါမောက္ခချုပ်က အဖွင့် အမှာစကားပြောကြားရာ "ပြည်ထောင်စုနေ့ဟာ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ၏ စည်းလုံးညီညွတ်မှုစွမ်းအားကို ထုတ်ဖော်ပြသနိုင်ခဲ့တဲ့ နေ့တစ်နေ့ဖြစ်ပြီး ပြည်ထောင်စုသားတိုင်းရင်းသားအားလုံး တစည်းတလုံးတည်း နေထိုင်မည်ဆိုတဲ့ ဆုံးဖြတ်ချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့တဲ့ နေ့တစ်နေ့ဖြစ်ပါကြောင်း၊ မရှိအတူ ရှိအတူ အေးအတူ ပူအမျှ အတူတကွ စုပေါင်းနေထိုင်ကြတဲ့ တစ်မိသားစုတည်းဖြစ်တယ်လို့ ခွဲမြဲစွာ လက်ခံမှတ်ယူထားတဲ့ ခံယူချက်ထားရှိတဲ့ မည်သည့်လူမျိုးမဆို ပြည်ထောင်စုကြီး အခွန့်ရှည်တည်တံ့ပြီး အေးချမ်းသာယာဝပြောနေစေရန် လက်ဆင့်ကမ်းထိန်းသိမ်းကြရမှာဖြစ်ပါကြောင်း၊ ကျောင်းသား၊ ကျောင်းသူ လူငယ်များသည် တွေးခေါ်ကြံဆ ဝေဖန်ပိုင်းခြားနိုင်တဲ့ အသိဉာဏ်ရှိဖို့၊ ဗဟုသုတနှင့် ပြည့်စုံတဲ့ လူငယ်များဖြစ်လာစေဖို့၊ စုပေါင်းလုပ်ဆောင်တတ်တဲ့ အလေ့အကျင့်ကောင်းများရရှိစေရန် အသိပညာပေး ဟောပြောပွဲများ၊ ဘာသာရေးပွဲတော်များ၊ အားကစားပြိုင်ပွဲများ၊ သင်တန်းများ၊ အနုပညာလှုပ်ရှားမှုများ ဆောင်ရွက်ပေးနေခြင်းအားဖြင့် အနာဂတ်မှာ ခေါင်းဆောင်ကောင်းတွေ ဖြစ်လာမည့် မျိုးဆက်သစ်လူငယ်များကို ပြုစုပျိုးထောင်ပေးနေခြင်း ဖြစ်ပါကြောင်း၊ မိမိတို့၏ တိုင်းရင်းသားရိုးရာဓလေ့များကိုချစ်မြတ်နိုးပါ၊ တက္ကသိုလ်ရဲ့ဂုဏ်၊ တက္ကသိုလ်ရဲ့ ပုံရိပ်ကို မြှင့်တင်ပေးရင်း နှစ်စဉ်နှစ်တိုင်း ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုတဲ့အနေနဲ့ ကျင်းပတဲ့ အခမ်းအနားဖြစ်ပါကြောင်း" ပြောကြားသည်။

ဆက်လက်၍ ဆရာကြီး ဒေါက်တာ တင့်ဝေ (ပါမောက္ခ၊ ငြိမ်း)က "လူငယ်နှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး" ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောခဲ့ပါသည်။ ထို့နောက် တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများအား ဉာဏ်စမ်း အမေး၊ အဖြေ အစီအစဉ်ကို ပြုလုပ်သည်။

ထို့နောက် ဟောပြောပေးပါသော ဆရာကြီး ဒေါက်တာ တင့်ဝေ (ပါမောက္ခ-ငြိမ်း)အား ပါမောက္ခချုပ်က အမှတ်တရ လက်ဆောင် ပေးအပ်သည်။

ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ဒုတိယပါမောက္ခချုပ်များဖြစ်ကြသည့် ဒေါက်တာသွယ်လင်းကို၊ ဒေါက်တာခင်မော်မော်စိုးနှင့် ဒေါက်တာဦးဝင်းနိုင်တို့က ဖေဖော်ဝါရီ ၄ ရက်တွင် ကျင်းပခဲ့သည့် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲနှင့် ဆောင်းပါးပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများအား ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(ဝ၈၂)

*-*-*-*-*-*-*

**မကွေး ဖေဖော်ဝါရီ ၆**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၌ ၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာ စိုက်ထူပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက် ရေနံချောင်းမြို့၊ လမ်းမတော် လမ်းမကြီးဘေး မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇင်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာကို စုပေါင်းစိုက်ထူခဲ့ကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မြေစိုက်ပိုစတာကို အမွှေးနံ့သာရည်များ ပက်ဖျန်းကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ မြေစိုက်ပိုစတာတွင် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အမျိုးသားရေး ဦးတည်ချက်များ၊ ပြည်ထောင်စုတိုင်းရင်းသားညီကိုမောင်နှမများ၏ ရိုးရာဝတ်စုံများနှင့် စည်းလုံးညီညာစွာ မှတ်တမ်းတင် ရိုက်ကူးထားသည့်ဓာတ်ပုံ၊ ပြည်ထောင်စုနေ့ အထိမ်းအမှတ် ကျောက်တိုင်နှင့် အဆောက်အအုံတို့ ပါရှိပြီး ပြည်သူများ ပြည်ထောင်စု စိတ်ဓာတ်ရှင်သန်စေရန်နှင့် တန်ဖိုးထား ထိန်းသိမ်းတတ်စေရန် စိုက်ထူပြသခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ) (၄၇၂)





**မိတ္ထီလာ ဖေဖော်ဝါရီ ၆**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အကြို မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ မိတ္ထီလာပညာရေးဒီဂရီကောလိပ်၏ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၇ နာရီခွဲက ခရိုင်အားကစားကွင်းတွင် ကျင်းပသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်တင်မိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မိတ္ထီလာပညာရေးဒီဂရီကောလိပ်ကျောင်းအုပ် ဒေါ်စုလတ်ထွေး၊ ခရိုင်မြို့နယ် ဌာနဆိုင်ရာများ၊ မိတ္ထီလာပညာရေးဒီဂရီကောလိပ်မှ ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

အဆိုပါအားကစားပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အားကစားအသင်းများအား တာဝန်ရှိသူများက လိုက်လံနှုတ်ဆက်အားပေးသည်။

ထို့နောက် အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တေးသရုပ်ဖော်အကများ၊ ပန်းဖွားအကများ၊ မြန်မာ့ရိုးရာ သိုင်းပညာသရုပ်ဖော်များဖြင့် ကျောင်းသား၊ ကျောင်းသူများနှင့်အဖွဲ့က သရုပ်ဖော်ကပြဖျော်ဖြေသည်။ အဆိုပါ အားကစားပြိုင်ပွဲတွင် ဘောလုံးပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ ပြေးခုန်ပစ်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် စားပွဲတင်တင်းနစ်ပြိုင်ပွဲများ ပါဝင်ပြီး ပြိုင်ပွဲအား ဖေဖော်ဝါရီ ၅ ရက်မှ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၅၃)



**မိုင်းပျဉ်း ဖေဖော်ဝါရီ ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ခေတ်မီစံပြကျေးရွာ ထူထောင်ရေးလုပ်ငန်း(Smart Village) စီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သည့် ကျေးရွာကွန်ကရစ်လမ်းခင်းခြင်း ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၁၀ နာရီက ဟောင်ကန်ကျေးရွာအုပ်စု၊ဝမ်ယမ်းကျေးရွာ၌ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးစိုင်းထွန်းစိန်တို့က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ(နည်းပညာ) ဦးအောင်နိုင်ဦးက အကောင်အထည်ဖော်ဆောင်ရွက်သည့် ခေတ်မီစံပြကျေးရွာ ထူထောင်ရေးလုပ်ငန်း (Smart Village) စီမံကိန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ဟောင်ကန်ကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူး ဦးမိုးကျော်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး၊ ကျေးရွာကွန်ကရစ်လမ်းသစ်အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးစိုင်းထွန်းစိန်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဦးစီးအရာရှိ(နည်းပညာ) ဦးအောင်နိုင်ဦးနှင့် ဟောင်ကန်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးမိုးကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

အဆိုပါ ခေတ်မီစံပြကျေးရွာ ထူထောင်ရေးလုပ်ငန်း (Smart Village)စီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သည့် ကျေးရွာကွန်ကရစ်လမ်းခင်းခြင်း ဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကျေးရွာသား၊ ကျေးရွာသူများ စုံလင်စွာတက်ရောက်ခဲ့ကြကြောင်း သိရသည်။ (အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

# အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၅၁)၊ ဦးပိုင်အမှတ်(၃၄)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးညိုဌေးတရားဝင်ပိုင်ဆိုင်သော မြေကွက်အတွင်းမှ အလယ်ခြမ်း(၁၅×၄၀)ပေအကျယ်အဝန်းရှိ မြေကွက်၊ မြေသက်သက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိမိက တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးညိုဌေး(ဘ)ဦးညိုမောင်(၈/ဆမန(နိုင်)၀၄၃၀၀၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတို့က အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်း၊ အထောက်အထားမူရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**(ဦးအောင်မြင့်)တရားလွှတ်တော်ရှေ့နေ၏ တပည့်များ**

| | |
|---|---|
| **ဦးချစ်ညီညီ** | **ဦးဆန်းမြင့်နိုင်** |
| (LL.B) | (LL.B) |

**(ဥပဒေအကျိုးဆောင်ရှေ့နေများ)**
**အမှတ်(၂၂၁)၊ ၆၃လမ်း၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ မန္တလေးမြို့။ ဖုန်း ၀၂-၄၀၃၃၉၉၀၊ ၀၂-၄၀၇၂၇၇၉၊ ၀၉-၂၀၀၀၂၆၁၊ ၀၉-၇၉၂၀၆၆၉၉၉**

# အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၅၂)၊ ဦးပိုင်အမှတ်(၃၂+၃၃)၊ ဧရိယာ(၀ ဒသမ ၁၁၀၂)ဧက အကျယ်အဝန်းရှိ မြေကွက်များသည် ဦးတင်ဝင်း အမည်ပေါက် ဂရန်မြေကွက်များဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်များနှင့် မြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ထားသူ ဦးတင်ထူး(၉/ပကခ(နိုင်)၀၁၅၁၈၉)ထံမှ ကျွန်တော် ဦးခင်မောင်လွင်က ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်များ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်တော်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးခင်မောင်လွင်(ဘ)ဦးမြထွန်း**
**(၉/မမန(နိုင်)၁၈၅၈၇၇)**
**ပပ-၂၉/၃၉၊ (ဈ)ရပ်ကွက်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၁၉၀၃၆၊ ၀၉-၇၉၃၄၄၄၄၉၈**

# ကြော်ငြာစာ

၁။ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရှင်တော်ကုန်းကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၅၀၇/ရွေးစုမြောက်)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၂၂)၊ ဧရိယာ(၁ ဒသမ ၅၀)ဧကရှိ မြေနေရာအား ဒေါ်မိမိအေး (၉/ပဥလ(ပြု)၀၀၀၀၅၃)အမည်ဖြင့် မန္တလေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁-၉-၂၀၂၀)ရက်စွဲပါစာအမှတ်(၄/၃၁-၅/ဦး ၁(အထဥ)(၅၅၃၁)အရလည်းကောင်း၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၂၀)၊ ဧရိယာ(၁ ဒသမ ၀၁)ဧကရှိ မြေနေရာအား ဒေါ်တင်မိုးကျော်(၉/မရမ(နိုင်)၀၈၈၁၇၉)အမည်ဖြင့် မန္တလေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏(၁၃-၈-၂၀၂၀)ရက်စွဲပါစာအမှတ်(၄/၃၁-၅/ဦး ၁(အထဥ)(၅၁၈၄)အရလည်းကောင်း မြေကွက်ချထားပေးမိန့်အား ထုတ်ပေးခဲ့ပါသည်။

၂။ ယခုအခါ စိစစ်တွေ့ရှိချက်များအရ ပုသိမ်ကြီးမြို့နယ်၊ ရှင်တော်ကုန်းကျေးရွာအုပ်စုရှိ ဦးပိုင်အမှတ်(၂၂)၊ မြေဧရိယာ(၁ ဒသမ ၅၀)ဧကအား ဒေါ်မိမိအေး အမည်ဖြင့်လည်းကောင်း၊ ဦးပိုင်အမှတ်(၂၀)၊ မြေဧရိယာ(၁ ဒသမ ၀၁)ဧကအား ဒေါ်တင်မိုးကျော် အမည်ဖြင့်လည်းကောင်း မြေကွက်ချထားမိန့်မိတ္တူမှန် ပြန်လည်ထုတ်ပေးရန်နှင့် ယခင်ထုတ်ပေးထားရှိသည့်(၁၁-၁၂-၂၀၂၀)ရက်စွဲပါ မန္တလေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးပိုင်အမှတ်ပြင်ဆင်ထုတ်ပေးခဲ့သည့် မြေပေးမိန့်များအား ပယ်ဖျက်ရန် သဘောတူကြောင်းဆုံးဖြတ်ခဲ့သဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောသက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။**

# ပျောက်ဆုံးကြောင်း

ဒေါ်မေဇာဖြိုး(ဘ)ဦးဝင်းရွှေ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/နဆန(နိုင်)၀၆၂၆၉၄)ကိုင်ဆောင်သူ၏ Passport No မမှတ်မိသည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဒေါ်မေဇာဖြိုး**
**ဖုန်း ၀၉-၂၆၆၀၆၃၈၂၂**

# ပြင်ဆင်ဖတ်ရှုပါရန်

၃၁-၈-၂၀၂၄ ရက်နေ့၊ မန္တလေးနေ့စဉ်သတင်းစာ၊ စာမျက်နှာ(၂၁)၏ ကြော်ငြာစာတွင် အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားရာတွင် (ခ)ရပ်ကွက်အစား (ဂ)ရပ်ကွက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

# ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ်(လလ-၁၉)၊ ဦးပိုင်အမှတ်(၈၃)၊ ၆၃လမ်းနှင့် ၆၄လမ်းကြား၊ တပင်ရွှေထီးလမ်းနှင့် ရွှေလုံ့ဗိုလ်လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နန်းတင်ထွေး(၁၃/ကမန(နိုင်)၀၅၈၈၂၀)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

# ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ တောင်မြင့်ရပ်ကွက်၊ အကွက်အမှတ်(၅၉၀/၁၅)၊ ဦးပိုင်အမှတ်(၅၁)၊ ၇၃လမ်းနှင့် ပရန်တော်ချောင်းကြား၊ မင်္ဂလာလမ်းနှင့် ရန်-မန်းလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်ကျော်ဝင်း(ခ)ရန်ကွေ့ယုံ(၁၃/တယန(နိုင်)၀၀၀၃၀၅)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၇၀၃၀/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ဥမ္မာ(၉/မနမ(နိုင်)၀၄၁၃၂၈)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

# အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ အကွက်အမှတ်(၇၄၁)၊ ဦးပိုင်အမှတ်(၅၂)၊ ဧရိယာ(၀ ဒသမ ၀၂၆၁)ဧကရှိ ဦးဇော်မျိုးဦး၊ ဒေါ်နန်းတင်မိုးသူ အမည်ပေါက် ဘိုးဘပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ R.C(၄)ထပ်အဆောက်အအုံအပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ (၁)ဦးဇော်မျိုးသူ(ဘ)ဦးထွန်းအေး(၁၂/ကမတ(နိုင်)၀၆၄၄၇၇)၊ (၂)ဒေါ်နန်းတင်မိုးသူ(ဘ)ဦးစိုင်းအောင်မြင့်(၁၂/ဗဟန(နိုင်)၀၈၆၇၂၉)ထံမှ ကျွန်မ ဒေါ်မွန်မြတ်ဆွေက အပြီးအပိုင် လက်ရောက်ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်မထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မွန်မြတ်ဆွေ(ဘ)ဦးကျော်ဆွေ**
**(၉/ပသက(နိုင်)၀၃၆၀၂၅)**
**အမှတ်(မ-၃၆/၄၃)၊ ၄၁(ဘီ)လမ်း၊ ၅၄လမ်းနှင့် ၅၅လမ်းကြား၊ ရဲမွန်တောင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၇၈၉၆၅၃၉၆၂**

# ကြော်ငြာစာ

မန္တလေးမြို့၊ မဟာမုနိဘုရားကြီး ဘဏ္ဍာတော်ပိုင် အရှေ့စောင်းတန်း(ပ)ထပ်၊ ဆိုင်ခန်းအမှတ်(၂၆)သည် ဦးမြတ်ကိုကို+ဒေါ်ကေသွယ်မြင့်အမည်ပေါက် ဆိုင်ခန်းဖြစ်ပြီး အဆိုပါဆိုင်ခန်းအား ဦးအောင်ကျော်ဝင်း+ဒေါ်ဌေးဌေးဝင်းအမည်သို့ ဆိုင်ခန်းမှတ်ပုံတင်အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား၊ စာရွက်စာတမ်းများဖြင့် (၁၄)ရက်အတွင်း မဟာမုနိဂေါပကအဖွဲ့ရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**မဟာမုနိဂေါပကအဖွဲ့ရုံး**

# အမည်မှန်

အောင်လံမြို့၊ အောင်မင်္ဂလာ(ဘီ)လမ်းနေ (ဘ)ဦးကျော်နိုင်၏ သမီး မသင်းသင်းကျော်၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ မသင်းသင်းနိုင်ဖြစ်ပါကြောင်း။

**မသင်းသင်းနိုင်**
**(၈/အလန(နိုင်)၁၆၂၇၅၇)**

# အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၆၂လမ်း စည်ပင်ရဲဝင်းနေ (ဘ)ဦးအောင်မျိုးဝင်း၏ သား မောင်ဆန်းလင်းအောင်၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မောင်သန့်ဇင်အောင်ဖြစ်ပါကြောင်း။

**မောင်သန့်ဇင်အောင်**

# ကန့်ကွက်နိုင်ပါသည်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(မ-၂၃)တွင် တည်ရှိသော ဦးပိုင်အမှတ်(၅-ဗ)၊ (၆၀×၈၀)ပေရှိ မြေကွက်သည် ဒေါ်သင်းသင်းလှိုင်အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ မြေကွက်အမည်ပေါက်သူ ဒေါ်သင်းသင်းလှိုင်ထံမှ ကျွန်မသည် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားခဲ့ပါသည်။ ယခုအခါ အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှုဂရန်စာချုပ်မူရင်းများသည် ဒေါ်နီလာ(ခ)ရန်ပင်ဟွေ၏ လက်ဝယ်တွင် အသိမ်းလွန်ပျောက်ဆုံးနေပါသဖြင့် ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း အောက်ဖော်ပြပါလိပ်စာအတိုင်း ကန့်ကွက်နိုင်ပါသည်။

**ဒေါ်နီလာ(ခ)ရန်ပင်ဟွေ**
**(၁၃/လရန(နိုင်)၁၀၇၄၃၉)**
**အကွက်(မ-၂၃/၅-ဗ)၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၀၁၁၂၇၀**

# (၁၅-၁-၂၀၂၅)ရက်စွဲပါ ဦးကျော်ငြိမ်းအောင်နှင့် ပတ်သက်၍ အများသိစေရန် ကြေညာခြင်းအား ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၁၈)၊ ဦးပိုင်အမှတ်(၂၄)၊ ဧရိယာ(၁ ဒသမ ၄၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်မှာ ဦးကျော်ငြိမ်းအောင် အမည်ပေါက်ဖြစ်ပြီး ၎င်းမြေကွက်နှင့်ပတ်သက်၍ မှတ်ပုံတင်စာချုပ် ချုပ်ဆိုနိုင်ရန်အတွက် မန္တလေးနေ့စဉ်သတင်းစာတွင် ကြော်ငြာထည့်သွင်းခဲ့ပါသည်။ ဦးကျော်ငြိမ်းအောင်မှာ လွန်ခဲ့သော (၂)နှစ်ခန့်ကတည်းက ကွယ်လွန်သွားသူဖြစ်ကြောင်း ယခုအချိန်မှ စုံစမ်းသိရှိရသဖြင့် အဆိုပါ(၁၅-၁-၂၀၂၅)ရက်နေ့ "မန္တလေး" နေ့စဉ်သတင်းစာပါ ဦးကျော်ငြိမ်းအောင်နှင့်ပတ်သက်သည့် ကြေညာစာအား ပြန်လည်ရုပ်သိမ်းပါကြောင်း ဦးကျော်ငြိမ်းအောင်၏ မိသားစုဝင်များနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**အမှုသည်များ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

| | | |
|---|---|---|
| **ဒေါ်နှင်းသဇင်ဝင်း** (LL.B) | **ဒေါ်ဝတ်ရည်လွင်** (LL.B) | **ဒေါ်အေးအေးနိုင်** (LL.B) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| စဉ်-၈၀၃၉(၂-၂-၂၀၁၂) | စဉ်-၁၈၅၅၉(၃၁-၁၀-၂၀၂၃) | စဉ်-၁၆၀၈၁(၁၇-၉-၂၀၁၉) |
| ဖုန်း ၀၉-၄၀၂၅၈၆၀၉၆ | ဖုန်း ၀၉-၄၄၄၄၆၂၂၇၀ | ဖုန်း ၀၉-၂၅၆၀၄၉၇၁၅ |

**၆၃(A)မြဝတီမင်းကြီးလမ်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

# အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ အစည်းအဝေး ကျင်းပ

## ၂၀၁၂ ခုနှစ်မှ ယနေ့အထိ အသက်မပြည့်စစ်သည် ၁၀၅၇ ဦးကို တပ်မတော်မှ နုတ်ထွက်ခွင့်ပြုကာ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးခဲ့



နေပြည်တော် ဖေဖော်ဝါရီ ၆

အရွယ်မရောက်သေးသူကလေး သူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီအစည်းအဝေး (၁/၂၀၂၅) ကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်း အဝေးခန်းမ၌ကျင်းပရာ အရွယ် မရောက်သေးသူ ကလေးသူငယ် များအား စစ်မှုထမ်းခြင်းမှကာကွယ် တားဆီးထိန်းသိမ်းရေး ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီး ချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အရွယ် မရောက်သေးသူ ကလေးသူငယ် များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေး ကော်မတီဝင်များ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် တပ်မတော်မှ တာဝန်ရှိသူများ တက်ရောက်ကြ သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက တပ်မတော်အတွင်း အရွယ် မရောက်သေးသူ ကလေးသူငယ် များအား စစ်သည်အဖြစ် စုဆောင်း ခြင်းနှင့် အသုံးပြုမှုမရှိစေရေး၊ တပ်မတော်သို့ တာဝန်ထမ်း ဆောင်ရန် ဝင်ရောက်လာသော သံသယဖြစ်ဖွယ် လူငယ်များကို လက်ခံမှုမရှိစေရေးနှင့် အသက် မပြည့်ကြောင်း စိစစ်တွေ့ရှိသည့် စစ်သည်များကို မိဘအုပ်ထိန်းသူ များထံသို့ ပြန်လည်လွှဲပြောင်းပေး ရေးကိစ္စများနှင့်ပတ်သက်၍ The Country Task Force on Monitoring and Reporting- CTFMR နှင့် ပူးပေါင်းဆောင်ရွက် မှုမတိုင်မီ ၂၀၀၄ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်း အရွယ်မရောက်သေး မီ မှားယွင်းစုဆောင်းခဲ့သည့် အသက်မပြည့်စစ်သည် ၅၉၇ ဦး အား တပ်မတော်မှနုတ်ထွက်ခွင့်ပြု ပေးခဲ့ပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်း ပေးခဲ့ပါ ကြောင်း၊ ထို့နောက် ၂၀၁၂ ခုနှစ် တွင် ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော်အစိုးရနှင့် CTFMR တို့ အကြား အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်း ခြင်းမှကာကွယ်တားဆီးထိန်းသိမ်း ရေးဆိုင်ရာ လုပ်ငန်းစီမံချက် (Plan of Action)ကို လက်မှတ် ရေးထိုးပြီး ပူးပေါင်းဆောင်ရွက်ခဲ့ ပါကြောင်း၊ အဆိုပါပူးပေါင်း ဆောင်ရွက်မှုအရ ၂၀၁၂ ခုနှစ်မှ ယနေ့အထိ အရွယ်မရောက်သေး သူ ကလေးသူငယ်များအား စစ်မှု ထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေး ကော်မတီနှင့် CTFMR တို့ပူးပေါင်းပြီး အရွယ် မရောက်သေးမီ မှားယွင်းစုဆောင်း ခဲ့သည့် အသက်မပြည့်စစ်သည် ၁၀၅၇ ဦးကိုတပ်မတော်မှနုတ်ထွက် ခွင့်ပြုကာ မိဘအုပ်ထိန်းသူများထံ ပြန်လည် လွှဲပြောင်းပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ တပ်မတော်အနေ ဖြင့် တပ်သားသစ်စုဆောင်းရေး ကဏ္ဍတွင် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်း ခြင်းမှကာကွယ်တားဆီးထိန်းသိမ်း ရေးကော်မတီနှင့် CTFMR တို့ သဘောတူ သတ်မှတ်ပြဋ္ဌာန်းချက် များနှင့်အညီ ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများအတိုင်း အလေးထား လိုက်ပါ စုဆောင်းလျက်ရှိပါ ကြောင်း၊ အသိပညာပေးလုပ်ငန်း များကိုလည်း သက်ဆိုင်ရာဝန်ကြီး ဌာနများနှင့် ပေါင်းစပ်ဆောင်ရွက် လျက်ရှိပါကြောင်း၊ ကော်မတီ အစည်းအဝေးများကို ပုံမှန်ကျင်းပ လျက်ရှိပြီး ကော်မတီ၏ ရည်မှန်း ချက်အတိုင်း တပ်မတော်အတွင်း ကလေးစစ်သား အသုံးပြုမှုမရှိစေ ရေး တစိုက်မတ်မတ်အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိပါ ကြောင်းနှင့်အစည်းအဝေးဆုံးဖြတ် ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို CTFMR သို့ အသိပေး အကြောင်းကြားလျက် ရှိပါကြောင်း။

ထို့ပြင် ၂၀၁၀ ပြည့်နှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း ဥပဒေအား ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ လ ၁၀ ရက်တွင် စတင်အကောင် အထည်ဖော်ကျင့်သုံးလျက်ရှိရာ ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများ ကိုလည်း ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၃ ရက်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ် သဖြင့် အဆိုပါနည်းဥပဒေအရ ပြည်သူ့စစ်မှုထမ်းများဆင့်ခေါ်ရာ တွင် အသက် ၁၈ နှစ်မပြည့်သူများ မပါရှိစေရေးအတွက် ပြည်သူ့စစ်မှု ထမ်းဆင့်ခေါ်ရေးအဖွဲ့ အသီးသီးမှ စနစ်တကျကြပ်မတ်ဆောင်ရွက် လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေး တက်ရောက် လာကြသည့် ကော်မတီဝင်များနှင့် ကိုယ်စား လှယ်များက အရွယ်မရောက်သေး သူကလေးသူငယ်များအား စစ်မှု ထမ်းဆောင်ခြင်းမှ ကာကွယ် တားဆီး ထိန်းသိမ်းရေးလုပ်ငန်း နှင့်ပတ်သက်၍ အကောင်အထည် ဖော်ဆောင်ရွက်မှု အခြေအနေ များကို ရှင်းလင်းတင်ပြခြင်း၊ ယခင် အစည်းအဝေးဆုံးဖြတ်ချက်များ အပေါ် ဆောင်ရွက်ပြီးစီးမှု အခြေ အနေများကို ရှင်းလင်းတင်ပြခြင်း နှင့် ရှေ့လုပ်ငန်းစဉ်များအပေါ် သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့်အခြေအနေများ ကို အကြံပြုဆွေးနွေးခဲ့ကြပြီး ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စု ဝန်ကြီးက ကော်မတီအနေဖြင့် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း CTFMR နှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ပြီး အသက်မပြည့်ကြောင်း စိစစ်တွေ့ရှိရပါက အဆိုပါစစ်သည် များအား မိဘ/အုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးသွားမည်ဖြစ် ကြောင်းနှင့် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့သည်။

ယင်းနောက် အရွယ်မရောက် သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်း အဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ သတင်းစဉ်

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့အခြေစိုက် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး၏ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူး Ms. Kirstine Damkjaer ကို လက်ခံတွေ့ဆုံ



နေပြည်တော် ဖေဖော်ဝါရီ ၆

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဒိန်းမတ်နိုင်ငံ ကိုပင် ဟေဂင်မြို့အခြေစိုက်ကုလသမဂ္ဂစီမံကိန်း ဝန်ဆောင်မှုရုံး (United Nations Office for Project Services-UNOPS) ၏ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူး Ms. Kirstine Damkjaer ကို ယနေ့နံနက်ပိုင်း တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီး ဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် UNOPS က မြန်မာနိုင်ငံ ၌ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ အပေါ် အမြင်ချင်းဖလှယ်ခဲ့ကြပြီး မြန်မာ နိုင်ငံနှင့် UNOPS တို့အကြား ပူးပေါင်း ဆောင်ရွက်မှု ပိုမိုမြင့်တင်ရေးနှင့် ပတ်သက် ၍ ခင်မင်ရင်းနှီးစွာဆွေးနွေးကြသည်။

တက်ရောက်

အစည်းအဝေးသို့ UNOPS ၏ အာရှ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Sanjay Mathur၊ UNOPS ၏ မြန်မာနိုင်ငံ ဆိုင်ရာညွှန်ကြားရေးမှူးနှင့် ကိုယ်စားလှယ် ဖြစ်သူ Ms. Sara Austin Netzer နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။

သတင်းစဉ်



# မာဆယ်လို ဘောလုံးကစားသမားဘဝမှ အနားယူကြောင်း ကြေညာ

ဘရာဇီးလက်ရွေးစင် အသင်း နောက်ခံကစားသမား မာဆယ်လိုက မိမိအနေဖြင့် ဘောလုံးကစားသမားဘဝမှ အနား ယူပြီဖြစ်ကြောင်း အတည်ပြု ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစား သမားသည် ကစားသမားဘဝ တစ်လျှောက်တွင် ရီးရဲလ်မက် ဒရစ်၊ အိုလံပီယာကို့စ်၊ ဖလူး မီနီစ်စသည့် ကလပ်အသင်းများ တွင် ကစားခဲ့ပြီး ဆုဖလားပေါင်း ၃၁ လုံးထိ ဆွတ်ခူးနိုင်ခဲ့သလို၊ နိုင်ငံ့လက်ရွေးစင်အသင်းဖြစ် သည့် ဘရာဇီးလက်ရွေးစင်အသင်း နှင့်လည်း ပြိုင်ပွဲပေါင်း ၅၈ ပွဲ ကစားကာ ၆ ဂိုးထိ သွင်းယူ ထားသည်။

အသက် ၃၆ နှစ်အရွယ် ရှိ မာဆယ်လိုက ကျွန်တော် ဘောလုံးကစားသမားဘဝမှ အနား ယူပါပြီ။ ကျွန်တော် ဘောလုံး ကစားသမားဘဝကိုလည်း အမြဲ အမှတ်ရနေမှာပါ။ ကျွန်တော်ကို အားပေးချစ်ခင်ခဲ့တဲ့ ပရိသတ် တစ်ဦးချင်းစီတိုင်းကိုလည်း အထူး ကျေးဇူးတင်ပါတယ်ဟု ပြော သည်။ (NGB)